# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 15 September 2025 ၁၁၉၄၁


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးဖိုရမ် တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping နှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။


ယနေ့ ဖတ်စရာ

ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၄

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များပြင်ဆင်သတ်မှတ်ကြေညာ

စာမျက်နှာ » ၅

အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး“From science to global action”

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# စိုက်ပျိုးထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ် နိုင်ငံတော်စီးပွားရေး အလေးထားမြှင့်တင်

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက လမ်းစဉ်ပါတီခေတ်၌ လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နဝတခေတ်တွင် လယ်ယာထွက်ကုန် ၃၀ ရာခိုင်နှုန်းကျော်ခန့်ရှိသည်။ ထိုစဉ်က သစ်တောထွက်ပစ္စည်း၊ ရေထွက်နှင့် တွင်းထွက်ပစ္စည်းများ ပိုမိုများပြားသည်ကို တွေ့ရသည်။ နယကခေတ်တွင် လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့သည်။ ယခုနိုင်ငံတော်အစိုးရသက်တမ်းကာလတွင် လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့် တင်ပို့နိုင်သည်ကိုတွေ့ရသည်။ ရှေးကာလက လယ်ယာထွက်ကုန်များကိုပြည်ပသို့ ပိုမိုတင်ပို့နိုင်သော်လည်း တဖြည်းဖြည်းလျော့နည်းလာပြီး ယခုနိုင်ငံတော်အစိုးရလက်ထက်တွင် ပြန်လည်မြှင့်တင်တင်ပို့နိုင်သည်ကို တွေ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ စက်တင်ဘာလ ၁၂ ရက်နေ့ကပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မိမိတို့အစိုးရ၏ ငါးနှစ်တာကာလအတွင်း ကုန်သွယ်မှုပို့ငွေ ဒေါ်လာ နှစ်ဘီလီယံကျော်ခန့်ရှိသည်ကို တွေ့ရကြောင်း၊ သို့သော် ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပို့ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း” ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများကို နှစ်စဉ်ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများရရှိပြီး ကုန်သွယ်မှုပို့ငွေများပြလာမည်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း များစွာတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း စားသုံးဆီများလုံလောက်စွာထုတ်လုပ်နိုင်ရေး တိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိ လုံလောက်မှုမရှိသေးသောကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရသဖြင့် နှစ်စဉ် နိုင်ငံခြားငွေများ အပိုကုန်ကျလျက်ရှိသည်။ မြန်မာနိုင်ငံမှ မထုတ်လုပ်နိုင်သောကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းရသည်ကို ပြောစရာမလိုသော်လည်း ပြည်တွင်းမှထုတ်လုပ်နိုင်သည့်ကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသည့် အကြောင်းရင်းကို ဆန်းစစ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိလာမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် တိုးတက်နေသောနိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်ကြရန်လိုသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သာမန်သဘောမျိုး ဆောင်ရွက်ခြင်းထက် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုသည်။ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သော ဝါးပင်များကို အကျိုးရှိရှိအသုံးချရမည်ဖြစ်သည်။ ဝါးပင်သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ နှစ် ၂၀ ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရသည်။ ဒေသအလိုက်ထွက်ရှိသောဝါးပင်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အလားတူ ဝါနှင့်ပတ်သက်၍လည်း စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းသည်။ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ကြရန်လိုသည်။ ထို့ပြင် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုသည်။ ဝါး၊ ဝါနှင့် ရော်ဘာများ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ကုန်ချောပစ္စည်းများ အချိန်တိုအတွင်း ထုတ်လုပ်နိုင်သဖြင့် ကုန်ချောနှင့် ရောင်းကုန်ပစ္စည်းများ ထုတ်လုပ်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီး၊ နည်းပညာများနှင့် အခြားလိုအပ်ချက်များကို နိုင်ငံတော်ကပံ့ပိုးပေးသွားရန် အသင့်ရှိသဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ကြိုးပမ်းထုတ်လုပ်ပြီး နိုင်ငံ့စီးပွားရေးကို အလေးထားမြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တောင်ကြီး အသင်းခွဲတို့က တောင်ကြီးစဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးနှင့်ပစ္စည်းကိရိယာများလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါ ဆေးရုံကြီး၌ ကျင်းပသည်။

**ပြန်လည်ပေးအပ်**

လှူဒါန်းပွဲတွင် တောင်ကြီးအသင်းခွဲဥက္ကဋ္ဌ ဦးဟန်လင်းအောင်၊ အတွင်းရေးမှူး ဦးထွန်းလွင်နှင့် အမှုဆောင်အဖွဲ့က တန်ဖိုးငွေကျပ် ၁၈၈ သိန်းခန့်ရှိသော ဆေးဝါးပစ္စည်းများကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် တောင်ကြီးအသင်းခွဲ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက် ညပိုင်းက မန္တလေးမှ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသော ကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် တွေ့ဆုံ၍ မြန်မာ-တရုတ်ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ် (ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီး အပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူ စာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ **“အမေ့သား(နတ်မောက်)”** ရေးသားသည့် **“မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ”** စာအုပ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချီလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ်(၅၂၉ /၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၄ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** – ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** – စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **ခေတ္တ စာတည်းမှူး** – အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** – အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ | |
| **စာတည်းများ** – စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** – ဇင်မာဝင့် | |
| **ဘာသာပြန်** – အောင်ကျော်ကျော်၊ စိုးသူရ | | **စာပြင်** – ခင်နှင်းယုနှင့်အဖွဲ့ | |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** – စိုးချစ်ဦးနှင့်အဖွဲ့ | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို ယနေ့ ညနေပိုင်းတွင် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးညီအစ်မမြို့များ တည်ထောင်၍ မြို့နှစ်မြို့သာမက နှစ်နိုင်ငံ ကဏ္ဍစုံ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းကို လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးနှင့်အတူ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးက နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာရှိ Chinese Hibiscus Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ရှေ့ဖုံးမှ

အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယ အတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (အေပီတီ) Asia Pacific Tele Community ၏ ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဦးဆောင်ကျင်းပသည့် နိုင်ငံအဆင့် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဒိုင်အဖွဲ့ဝင် ဒေါက်တာအေးအေးသင်းက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် The Cybersecurity & Privacy Chatbot Development ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ၁၀ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲဒုတိယပိုင်း အစီအစဉ်ကိုဆက်လက်ကျင်းပရာ အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(အေပီတီ) အထွေထွေ အတွင်းရေးမှူးချုပ် Dr.Masanori Kondo ၏ ဂုဏ်ပြုအမှာစကားကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးငြိမ်းဦးက အမှာစကား ပြောကြားပြီး ဆုပေးပွဲကိုကျင်းပရာ Cybersecurity Chatbot Champion Award ကို ရန်ကုန် ကွန်ပျူတာတက္ကသိုလ် (UCSY) မှ Dev Greek အဖွဲ့ကလည်းကောင်း၊ Most Innovative Security Chatbot Award ဆုကို သတင်းအချက်အလက် နည်းပညာ တက္ကသိုလ် ( UIT ) မှ IT Pout Sa အဖွဲ့ကလည်းကောင်း၊ People's Choice Award ဆုကို STI College မှ Innolgniters @ STI က လည်းကောင်းရရှိရာ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းဦးက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြိုင်ပွဲဝင် Top Ten Finalist နှင့် ပြိုင်ပွဲဝင်များအား Certificate of Achievement နှင့် Certificate of Participation ကို ပေးအပ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းဦးက အကဲဖြတ်ဒိုင်များနှင့် ပံ့ပိုးကူညီကြသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။



ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဒေါက်တာမျိုးမျိုးနိုင်က ပြိုင်ပွဲနှင့် ဆုပေးပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မျိုးမင်းသူရ**

# ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁၀၃ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူ စနစ်(FPTP) မဲဆန္ဒနယ်(၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံး ရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် (၅၆) နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည် -

**(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆)နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်** | |
| (၁) | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်** | |
| (၅) | ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်** | |
| (၈) | ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| (၁၂) | ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီး** | |
| (၂၂) | ဆောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီး** | |
| (၂၇) | နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်** | |
| (၃၀) | ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

**( ခ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ( ၉ ) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၁) | မဲဆန္ဒနယ်အမှတ်(၅) | ဖားဆောင်းမြို့နယ်။ |
| (၂) | မဲဆန္ဒနယ်အမှတ်(၆) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၃) | မဲဆန္ဒနယ်အမှတ်(၂) | ပလက်ဝခရိုင်တစ်ခုလုံး။ |
| (၄) | မဲဆန္ဒနယ်အမှတ်(၄) | မတူပီခရိုင်တစ်ခုလုံး။ |
| (၅) | မဲဆန္ဒနယ်အမှတ်(၅) | မင်းတပ်ခရိုင်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၆) | မဲဆန္ဒနယ်အမှတ်(၄) | မောင်တောခရိုင်တစ်ခုလုံး။ |
| (၇) | မဲဆန္ဒနယ်အမှတ်(၅) | မြောက်ဦးခရိုင်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၈) | မဲဆန္ဒနယ်အမှတ်(၄) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |
| (၉) | မဲဆန္ဒနယ်အမှတ်(၅) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |

**( ဂ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်(၅၆) နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော် ( မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၁) | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| (၂) | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| (၃) | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| (၄) | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| (၅) | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| (၆) | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| (၇) | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |

စာမျက်နှာ ၅ သို့ »»

# လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၁၀၄ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

**လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၇/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် (၅၆)နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည် မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ - ၉ - ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၃ /၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ် ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင် တင်သွင်းနိုင်သည့် နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| ( ခ ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံး နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်** |
| ( ဂ ) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင် အစားထိုး ပြန်လည် တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံး နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ စက်တင်ဘာလ ၂၂ ရက် အထိ** |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံး နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်** |
| ( င ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ** |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

»»» **စာမျက်နှာ ၄ မှ**

**ချင်းပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၈) | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| (၉) | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၁၂) | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၂၂) | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၂၇) | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |

**ရခိုင်ပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၃၀) | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |

**ရှမ်းပြည်နယ်လွှတ်တော်**
**(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | |
|---|---|---|
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံး ရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျ ကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်(PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး

## "From science to global action"

**ဒေါက်တာဆန်းဝင်းနှင့်အဖွဲ့ (ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

**နိဒါန်း**

ကမ္ဘာ့မြေထုကို လေထုအလွှာလေးလွှာက ဝန်းရံထားပါသည်။ လူနှင့်သတ္တဝါတို့အတွက် လေသည် မရှိမဖြစ်လိုအပ်သော ပြန်ပြည့်မြဲ သဘာဝသယံဇာတတစ်မျိုးဖြစ်ပါသည်။ လူသတ္တဝါတို့နှင့် အနီးဆုံး လေထုအလွှာမှာ လေထုပထမအလွှာဖြစ်သည့် ထရိုပိုစဖီးယားအလွှာ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် လေထုထဲတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ တစ်ရာခိုင်နှုန်းပါဝင်ပြီး လူအပါအဝင် သတ္တဝါတို့၏ ကျန်းမာရေးအတွက် အထောက်အကူပြုပါသည်။ ကမ္ဘာမြေ (ခေါ်) ကမ္ဘာဂြိုဟ်မှာ နေစကြဝဠာ အဖွဲ့အစည်းအတွင်း ဖွဲ့စည်းဖြစ်ပေါ်နေသဖြင့် နေစွမ်းအင်သည် ကမ္ဘာပေါ်ရှိ သက်ရှိ၊ သက်မဲ့ဒြပ်ထုများ၏ ဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ်အပေါ် ထိန်းကျောင်းနေသည့်သဘောသဘာဝရှိပါသည်။ နေမှအပူနှင့် အလင်းစွမ်းအင်ကို အဓိကထုတ်လွှတ်ရာတွင် နျူကလီးယားပေါင်းစည်းမှုဖြစ်စဉ် (Nuclear Fusion) အရ အပူနှင့်အလင်းစွမ်းအင် ဦးစွာထွက်ပေါ်လာပြီး နေစကြဝဠာအတွင်းသို့ လျှပ်စစ်သံလိုက်လှိုင်း {electromagnetic radiation (EM wave)} အနေဖြင့် ဖြန့်ကြက်ပေးလျက်ရှိပါသည်။ လျှပ်စစ်သံလိုက်လှိုင်းတွင် အနီအောက်ရောင်ခြည် (infrared)၊ သာမန်မျက်စိဖြင့်မြင်နိုင်သော ရောင်ခြည်(အလင်း) (visible light) နှင့် ခရမ်းလွန်ရောင်ခြည်များ (Ultraviolet rays – UVA, UVB, UVC) တို့ ပါဝင်ပါသည်။ ခရမ်းလွန်ရောင်ခြည်များသည် လေထုအပြင်ဆုံးအလွှာ (Exosphere)၊ လေထုစတုတ္ထအလွှာ (Thermosphere)၊ တတိယအလွှာ (Mesosphere) တို့ကို လွတ်လပ်စွာဖြတ်သန်းနိုင်သော်လည်း လေထုဒုတိယအလွှာ၏ အပြင်လွှာသို့ရောက်ရှိသည့် အိုဇုန်းအလွှာ၏စုပ်ယူတားဆီးခြင်းခံရပါသည်။ အဆိုပါဖြစ်စဉ်တွင် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် UVB နှင့် UVC တို့မှာ အိုဇုန်းလွှာ၏ စုပ်ယူထိန်းထားခြင်းခံရပြီး UVA တစ်မျိုးသာ အိုဇုန်းလွှာကို ၉၅ ရာခိုင်နှုန်းဖြတ်သန်း၍ ကမ္ဘာမြေသို့ အများဆုံးရောက်ရှိပါသည်။

**နေရောင်ခြည်၏ကောင်းကျိုးနှင့်ဆိုးကျိုး**

နေရောင်ခြည်သည် ကမ္ဘာမြေအတွက် ကောင်းကျိုးများစွာ အကျိုးပြုလျက်ရှိနေသော်လည်း နေရောင်ခြည်လွန်ကဲစွာ ထိတွေ့ခံစားရပါက ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်ပါသည်။ Sunburn ဟုခေါ်သော နေလောင်ခြင်းဖြစ်ရခြင်းမှာ နေရောင်အောက်တွင် ကြာရှည်အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်း များပြားလာသည့်အခါ နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည် (Ultraviolet–UV) နှင့် ထိတွေ့မှုများသည့်အတွက်ကြောင့်ဖြစ်ပါသည်။ လူတို့၏အရေပြားအောက်ရှိ melanocyte ဆဲလ်များက ခရမ်းလွန်ရောင်ခြည်သင့်မှု အန္တရာယ်မှ တားဆီးကာကွယ်ရန်အတွက် melanin များ ထုတ်ပေးသော်လည်း ခရမ်းလွန်ရောင်ခြည်က ခန္ဓာကိုယ်ခုခံကာကွယ်နိုင်စွမ်းထက် ပိုများလာသည့်အခါ နေလောင်ခြင်းဝေဒနာကို ခံစားကြရပါသည်။




**အိုဇုန်းလွှာ**

ကမ္ဘာမြေကြီးကို ဝန်းရံထားသည့်လေထုကို လေထုအပူချိန်ပေါ်မူတည်ပြီး လေထုအလွှာ လေးခုဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက သတ်မှတ်ခဲ့ပါသည်။ ပထမအလွှာမှာ ထရိုပိုစဖီးယား (Troposphere) ဖြစ်ပြီး မြေမျက်နှာပြင်မှစတင်၍ အမြင့် ရှစ်ကီလိုမီတာမှ ၁၅ ကီလိုမီတာအထိ လည်းကောင်း၊ ဒုတိယအလွှာမှာ စထရာတိုစဖီးယား (Stratosphere)ဖြစ်ပြီး ထရိုပိုစဖီးယားအလွှာမှာ အမြင့် ၅၀ ကီလိုမီတာအထိ လည်းကောင်း၊ တတိယအလွှာမှာ မီဆိုစဖီးယား (Mesosphere) ဖြစ်ပြီး အမြင့် ၅၀ ကီလိုမီတာမှ ၈၅ ကီလိုမီတာအထိ လည်းကောင်း၊ စတုတ္ထအလွှာမှာ သာမိုစဖီးယား (Thermosphere) ဖြစ်ပြီး အမြင့် ၈၅ ကီလိုမီတာမှ ကီလိုမီတာ ၆၀၀ အထိ လည်းကောင်း အသီးသီးတည်ရှိပါသည်။ အိုဇုန်းလွှာသည် ကမ္ဘာ့လေထု၏ ဒုတိယအလွှာ (Stratosphere) တွင် ပါးလွှာသည့်အငွေ့တန်းအဖြစ် တည်ရှိနေပါသည်။

ကောင်းမွန်သည့်အိုဇုန်းလွှာမှာ ပျမ်းမျှ ၂၂၀ ဒေါ့ဘ်ဆန်ယူနစ် (Dobson Unit – DU) ရှိပြီး အဆိုပါအထုထက် လျော့နည်းပါက အိုဇုန်းလွှာပါးလွှာခြင်း (သို့)အပေါက်ဖြစ်ခြင်း(Ozone hole) ဟု သတ်မှတ်ပါသည်။

**အိုဇုန်းလွှာ၏အရေးပါပုံ**

အိုဇုန်းလွှာသည် လေထုအတွင်း သဘာဝအလျောက်တည်ရှိသည့် အိုဇုန်းဓာတ်ငွေ့များဖြင့် ဖွဲ့စည်းထားသော ပါးလွှာသည့်အလွှာတစ်ခုဖြစ်ပြီး ကမ္ဘာမြေကို နေရောင်ခြည်၏ အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်များမှ ကာကွယ်ပေးကာ ကမ္ဘာပေါ်ရှိသက်ရှိများ ရှင်သန်ရေးအတွက် အထောက်အကူပြုပါသည်။ ကျွန်ုပ်တို့လူသားများအပါအဝင် သက်ရှိသတ္တဝါနှင့်အပင်များကို အလွန်အန္တရာယ်ဖြစ်စေနိုင်သည့် နေရောင်ခြည်တွင်ပါလာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet Radiation– UV) ကို ကမ္ဘာ့အိုဇုန်းလွှာက ထီးသဖွယ် ကာကွယ်တားဆီးပေးပါသည်။ ထိုကဲ့သို့ သဘာဝကဖန်တီးပေးထားသည့် အိုဇုန်းလွှာ ထိခိုက်ပျက်စီးသွားမည်ဆိုပါက နေရောင်ခြည်နှင့်အတူပါလာမည့် ခရမ်းလွန်ရောင်ခြည်များ မြေပြင်ပေါ်သို့ ကျရောက်လာပြီး လူနှင့်သတ္တဝါများအားလုံး ရောဂါဘေးအန္တရာယ်များစွာနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ပါသည်။

လူသားတို့၏ကျန်းမာရေးအတွက် အကာအကွယ်အပြည့်အဝပေးနိုင်ရန် အိုဇုန်းလွှာ၏ ပျမ်းမျှရှိရမည့် အထူ ၃၀၀ ဒေါ့ဘ်ဆန်ယူနစ်ရှိရမည့်အစား ၁၉၈၁– ၁၉၈၂ ခုနှစ်တွင် ၂၂၀ ဒေါ့ဘ်ဆန်ယူနစ်အောက်သာရှိကြောင်း တွေ့ရှိချက်အရ အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာပါးလွှာမှုကို ပထမဆုံး အိုဇုန်းအပေါက်ဟု ခေါ်ဝေါ်သိရှိခဲ့ကြခြင်းဖြစ်ပါသည်။

**ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးလှုပ်ရှားမှုများသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အန္တာတိကတိုက်အပေါ်ဘက်ရှိ လေထု၏ ဒုတိယအလွှာ (Stratosphere) တွင်တည်ရှိသည့် အိုဇုန်းလွှာအပေါက်ဟုခေါ်သော သာမန်ထက် အလွန်ပါးလွှာသည့်နေရာတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိရာမှစတင်၍ အစပြုခဲ့ခြင်းဖြစ်ပါသည်။

အိုဇုန်းလွှာ၏အရေးပါမှုနှင့် အိုဇုန်းလွှာကိုကာကွယ်ရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို အသိပညာပေးရန်ရည်ရွယ်၍ "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" ကို စက်တင်ဘာလ ၁၆ ရက်နေ့တွင် နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိပါသည်။

**အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု**

သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းမျိုးမရှိသော်လည်း အအေးပေးစနစ်များနှင့် မီးသတ်ဆေးဘူးများတွင်အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည် (သို့မဟုတ်) အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသကဲ့သို့ ကမ္ဘာ့လေထုအပူချိန်ကိုပါ ပိုမိုတိုးပွားစေသည့်အာနိသင်ကြောင့် ရာသီဥတုစနစ်အတွင်း ပြောင်းလဲမှုများကို ဖြစ်ပွားစေပါသည်။ ကလိုရိုဖလူရိုကာဗွန် (CFCs)၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) စသည့် ကလိုရင်းပါဝင်သောဓာတ်ငွေ့များသည် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းများဖြစ်သကဲ့သို့ ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential–GWP) မြင့်သည့် မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များဖြစ်သည့်အတွက် နေမှ ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ ဖြာထွက်ကျလာသော ရောင်ခြည်များမှ အပူစွမ်းအင်နှင့် ကမ္ဘာ့မျက်နှာပြင်မှ ပြန်ထွက်လာသောအပူကို ဖမ်းယူထားပြီး ကမ္ဘာ့လေထုကို ပိုမိုပူနွေးစေပါသည်။ ကလိုရိုဖလူရိုကာဗွန် (CFCs) ဓာတ်ငွေ့များသည် လေထုအတွင်း ၅၅ နှစ်မှ နှစ်ပေါင်း ၁၄၀ အထိ လည်းကောင်း၊ ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန် (HCFCs) ဓာတ်ငွေ့များသည် ၁၃ နှစ်အထိလည်းကောင်း တည်ရှိနိုင်သည့်အပြင် ၎င်းတို့တွင်ပါဝင်သည့် ကလိုရင်းအက်တမ်တစ်လုံးသည် စထရာတိုစဖီးယား လေထုအလွှာရှိ အိုဇုန်းမော်လီကျူးအရေအတွက် ၁၀၀၀၀၀ အထိကို ဖြိုခွဲဖျက်ဆီးနိုင်သဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဖြစ်စဉ်များနှင့်အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တွန်းအားပေးနေကြောင်း သိပ္ပံဆိုင်ရာသုတေသနများအရ တွေ့ရှိရပါသည်။ စာမျက်နှာ ၇ သို့ ❐

**သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းမျိုးမရှိသော်လည်း အအေးပေးစနစ်များနှင့် မီးသတ်ဆေးဘူးများတွင် အသုံးပြုသော ပေါင်းစပ်ဓာတ်ငွေ့အရည် (သို့မဟုတ်) အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားသောအခါ အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသကဲ့သို့ ကမ္ဘာ့လေထုအပူချိန်ကိုပါ ပိုမိုတိုးပွားစေသည့် အာနိသင်ကြောင့် ရာသီဥတုစနစ်အတွင်း ပြောင်းလဲမှုများကို ဖြစ်ပွားစေ**




Antarctic နှင့် Arctic ဝင်ရိုးစွန်းရှိ National Aeronautics and Space Administration (NASA)မှ ရိုက်ကူးထားသော false-color view of total ozone ပုံများဖြစ်ပါသည်။

**မြန်မာနိုင်ငံသည် မွန်ထရီရယ်သဘောတူစာချုပ်၏ နောက်ဆက်တွဲပြင်ဆင်ချက်များအရ ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အဓိကအသုံးပြုသည့် ဒြပ်ပစ္စည်းများဖြစ်သော ကလိုရိုဖလူရိုကာဗွန် (CFCs) ကို အပြီးသတ်တားမြစ်ခဲ့ပြီးဖြစ်၍ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) နှင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) တို့ကို အစားထိုးသုံးစွဲခွင့်ပြုခဲ့ပါသည်။ ယင်းအပြင် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပြုပြင်ခြင်းကဏ္ဍတို့တွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသည့် အဓိကဒြပ်ပစ္စည်းတစ်မျိုးဖြစ်သော R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) များ တင်သွင်းအသုံးပြုမှုကို ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းသွားနိုင်ရန် ၂၀၁၅ ခုနှစ်မှစတင်၍ ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုကာ လျှော့ချထိန်းချုပ်ဆောင်ရွက်**

❒ စာမျက်နှာ ၆ မှ

**အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပြင်ဆင်ချက်များ**

အိုဇုန်းလွှာပျက်စီးမှုနှင့် အကျိုးဆက်များဖြစ်သည့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို ထိန်းချုပ်ရန် ၁၉၈၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်တို့ ဦးဆောင်ပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone Layer) ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် (The Montreal Protocol on Substances that Deplete the Ozone Layer) ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ဆက်လက်၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအသစ်များကို ထပ်မံတွေ့ရှိလာရသည့်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပြင်ဆင်ချက်များဖြစ်သည့် ၁၉၉၀ ပြည့်နှစ် လန်ဒန်ပြင်ဆင်ချက် (London Amendment)၊ ၁၉၉၂ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက် (Copenhagen Amendment)၊ ၁၉၉၇ ခုနှစ် မွန်ထရီရယ်ပြင်ဆင်ချက် (Montreal Amendment)၊ နှင့် ၁၉၉၉ ခုနှစ် ပေကျင်းပြင်ဆင်ချက် (Beijing Amendment) ဟူ၍ လေးကြိမ်တိုင်တိုင် ထပ်မံပြင်ဆင်ကာ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ (Ozone Depleting Substances) ထုတ်လုပ်မှုနှင့် သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်၍ ဆောင်ရွက်လျက်ရှိပါသည်။ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအဖြစ် ကလိုရိုဖလူရိုကာဗွန် (CFCs) နှင့် ဟေလွန်အမျိုးအစား ဒြပ်ပစ္စည်း ရှစ်မျိုးတို့ကို စတင်ထိန်းချုပ် ကန့်သတ်ခဲ့ပါသည်။

အိုဇုန်းလွှာပျက်စီးမှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့်အတူ ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဒြပ်ပစ္စည်းများကိုပါ လျှော့ချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ပြုလုပ်ခဲ့သည့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ (၂၈) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ သဘောတူချမှတ်ခဲ့သည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) သုံးစွဲမှုလျှော့ချရေးဆိုင်ရာ ကီဂါလီပြင်ဆင်ချက်ကို မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပဉ္စမအကြိမ်မြောက် ပြင်ဆင်ချက်အဖြစ် ပြုလုပ်ခဲ့ပါသည်။

**အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာကွန်ဗင်းရှင်း၊ နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်များတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မှု**

အိုဇုန်းလွှာပျက်စီးမှုနှင့် အကျိုးဆက်များဖြစ်သည့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုထိန်းချုပ်ရန် အိုဇုန်းလွှာကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို မြန်မာနိုင်ငံကလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုသည့်အနေဖြင့် ၁၉၉၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်တို့ကို ၁၉၉၃ ခုနှစ်တွင် လည်းကောင်း၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်ကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း၊ မွန်ထရီရယ်ပြင်ဆင်ချက်နှင့် ပေကျင်းပြင်ဆင်ချက်တို့ကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ လျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံနှင့် ကီဂါလီပြင်ဆင်ချက်**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများ လျှော့ချရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကီဂါလီပြင်ဆင်ချက်အား အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) သုံးစွဲမှုနှင့်ပတ်သက်သည့် အချက်အလက်များကောက်ယူခြင်း၊ နိုင်ငံအဆင့် အစီရင်ခံစာရေးသားခြင်း၊ နိုင်ငံအဆင့်အစီရင်ခံစာပါ အချက်အလက်များကို အတည်ပြုနိုင်ရေး ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မွန်ထရီရယ်သဘောတူစာချုပ်၏ ပဉ္စမအကြိမ်မြောက် ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်သည် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) အမျိုးအစား အအေးပေးဒြပ်ပစ္စည်းများသုံးစွဲမှုကို လျှော့ချခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ပြင်းထန်သဘာဝဘေးအန္တရာယ်များကို လျှော့ချပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ အဆိုပါပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့အထိ ကီဂါလီပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးသည့် နိုင်ငံပေါင်း ၁၆၄ နိုင်ငံရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက်မှ ကီဂါလီပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးသည့် နိုင်ငံပေါင်း ရှစ်နိုင်ငံရှိပြီး မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံတို့သည် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ကျန်ရှိနေပါသည်။

**၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့**

ကျွန်ုပ်တို့လူသားများနှင့် ကမ္ဘာမြေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် အိုဇုန်းလွှာ၏အရေးပါမှုနှင့် အိုဇုန်းလွှာကို ကာကွယ်ရန်လိုအပ်သည့် လုပ်ဆောင်ချက်များကို မွန်ထရီရယ်သဘောတူစာချုပ်၏ အရေးကြီးသောလုပ်ငန်းစဉ်များအဖြစ် အများပြည်သူအကြား ပိုမိုသတိပြုမိစေရန် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကျင်းပဆောင်ရွက်ရခြင်းဖြစ်ပါသည်။

မွန်ထရီရယ်သဘောတူစာချုပ်သည် အားကောင်းသော ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်အဖြစ် အသိအမှတ်ပြုပြီး အိုဇုန်းလွှာကာကွယ်မှု မည်မျှတိုးတက်လာသည်ကို သတိပြုမိစေရန် ၂၀၂၅ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်အဖြစ် **"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး" "From science to global action"** ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် စံချိန်တင်အပူချိန်မှတ်တမ်းများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ကမ္ဘာကြီးသည် အပူချိန်ဆက်လက်မြင့်တက်လာသည်နှင့်အမျှ အအေးပေးရန် လိုအပ်ချက်သည်လည်း လျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကို လျော့ပါးသက်သာစေရန် နည်းလမ်းများရှာဖွေရာတွင် သိပ္ပံပညာရပ်ဆိုင်ရာသုတေသနသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သိပ္ပံပညာရပ်ဆိုင်ရာသုတေသနတွေ့ရှိချက်များနှင့်အညီ ပြင်ဆင်ချမှတ်ခဲ့သည့် ကီဂါလီပြင်ဆင်ချက်သည် သိသာထင်ရှားသော ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ယင်းကို ကမ္ဘာလုံးဆိုင်ရာ အတည်ပြု၍ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုခြင်းများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဆိုပါက ရာစုနှစ်အကုန်တွင် ကမ္ဘာကြီးပူနွေးလာမှုကို ၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ထိန်းချုပ်ကြိုးပမ်းမှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ၁၃၅ ဘီလီယံတန်နှင့်ညီမျှသည့် အိုဇုန်းလွှာပျက်စီးစေသောဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်ခဲ့ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကိုလည်း ခုခံတိုက်ဖျက်နိုင်ခဲ့ပါသည်။ ယခုအခါ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ၏ ၉၉ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီးဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် အိုဇုန်းလွှာ၏ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် သိပ္ပံနည်းကျဆန်းစစ်မှုများအရ အိုဇုန်းလွှာပျက်စီးမှုသည် ၂၀၀၀ ပြည့်နှစ်၏နောက်ပိုင်း၌ ဆယ်စုနှစ်တစ်ခုစီတိုင်းတွင် တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်လာကြောင်း တွေ့ရှိရပါသည်။ သိပ္ပံဆိုင်ရာခန့်မှန်းချက်များအရ မြောက်ကမ္ဘာခြမ်းနှင့် အလယ်ပိုင်းဒေသများရှိ အိုဇုန်းလွှာသည် ၂၀၃၀ ပြည့်လွန်နှစ်များတွင် လည်းကောင်း၊ တောင်ကမ္ဘာခြမ်းရှိ အိုဇုန်းလွှာသည် ၂၀၅၀ ပြည့်လွန်နှစ်များတွင်လည်းကောင်း၊ ဝင်ရိုးစွန်းဒေသရှိ အိုဇုန်းလွှာသည် ၂၀၆၀ ပြည့်နှစ်တွင် လည်းကောင်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထပ်မံတွေ့ရှိရသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို မွန်ထရီရယ်သဘောတူစာချုပ်ဆိုင်ရာ နောက်ဆက်တွဲပြင်ဆင်ချက်များဖြင့် ထိန်းချုပ်ရာတွင် အောင်မြင်မှုရရှိခဲ့ရာ အန္တာတိကတိုက်၏အပေါ်ဘက်ရှိ အိုဇုန်းပမာဏသည် ၂၀၆၆ ခုနှစ်တွင် ၁၉၈၀ ပြည့်နှစ်က ရှိခဲ့သောအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကာ အိုဇုန်းလွှာသည် ပြန်လည်ကျန်းမာကောင်းမွန်လာနိုင်မည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြပါသည်။

မြန်မာနိုင်ငံသည် မွန်ထရီရယ်သဘောတူစာချုပ်၏ နောက်ဆက်တွဲပြင်ဆင်ချက်များအရ ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အဓိကအသုံးပြုသည့် ဒြပ်ပစ္စည်းများဖြစ်သော ကလိုရိုဖလူရိုကာဗွန် (CFCs) ကို အပြီးသတ်တားမြစ်ခဲ့ပြီးဖြစ်၍ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) နှင့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) တို့ကို အစားထိုးသုံးစွဲခွင့်ပြုခဲ့ပါသည်။ ယင်းအပြင် ရေခဲသေတ္တာနှင့် လေအေးပေးစက်များ ပြုပြင်ခြင်းကဏ္ဍတို့တွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် အိုဇုန်းလွှာပျက်စီးစေသည့် အဓိကဒြပ်ပစ္စည်းတစ်မျိုးဖြစ်သော R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) များ တင်သွင်းအသုံးပြုမှုကို ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းသွားနိုင်ရန် ၂၀၁၅ ခုနှစ်မှစတင်၍ ကန့်သတ်ပမာဏအတိုင်း ခွဲတမ်းစနစ်ဖြင့် တင်သွင်းခွင့်ပြုကာ လျှော့ချထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ကမ္ဘာ့နိုင်ငံများနည်းတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကီဂါလီပြင်ဆင်ချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးပါက ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential-GWP) မြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန် (HFCs) သုံးစွဲခွင့်ကို လျှော့ချမည်ဖြစ်ပြီး ကမ္ဘာ့ပူနွေးမှုအလားအလာ နည်းပါးသည့် ဟိုက်ဒရိုကာဗွန် (HC) သို့မဟုတ် အမိုးနီးယားကဲ့သို့သော အစားထိုးအအေးပေးပစ္စည်းတို့ကို အသုံးပြုရမည်ဖြစ်ပါသည်။

အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များသည် ပြည်သူတစ်ဦးတစ်ယောက်ချင်းမှစ၍ အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာလျှင် ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့အောင်မြင်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မွန်ထရီရယ်သဘောတူစာချုပ်နှင့် နောက်ဆက်တွဲပြင်ဆင်ချက်များအတိုင်း အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိဘပြည်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကဏ္ဍအလိုက်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့တတ်နိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြပါရန် ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် **"အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး" "From science to global action"** နှင့်အတူ ထပ်မံအသိပေးနှိုးဆော်လိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**


၁။ https://en.m.wikipedia.org

၂။ https://ozone.unep.org/news

၃။ https://www.oliveboard.in/blog/world-ozone-day-2025/

၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးစာအုပ်

၅။ ဝင်းချစ်(အမျိုးသားစာပေဆုရ)၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံများ အတွဲ(၁)

# ရေဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အသစ် ပြန်လည်ရွေးချယ်ပွဲကျင်းပ





**ပုသိမ် စက်တင်ဘာ ၁၄**

ရေဝတီတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဗဟို အလုပ်အမှုဆောင် အသစ် ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရေဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သည် တိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ လက်ရှိရေဝတီ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အသင်းပေါင်း ၃၉ သင်းဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ထုတ်လုပ်မှုဆိုင်ရာအသင်း ၂၂ သင်း၊ ဝန်ဆောင်မှုဆိုင်ရာအသင်း ၁၇ သင်းရှိပါကြောင်း၊ ယနေ့တွင် ဗဟိုအလုပ်အမှုဆောင်အသစ်ပြန်လည်ရွေးချယ်၍ ညီနောင်အသင်းများနှင့်တွဲဖက်ပြီး တိုင်းဒေသကြီး၏ စီးပွားရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုဆောင်ရွက်မည့်အသင်းလည်းဖြစ်ပါကြောင်း၊ ရေဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် ရေဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုစကားများ ပြောကြားသည်။ ဆက်လက်၍ ရေဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် အသစ်ပြန်လည် ရွေးချယ်ပွဲကျင်းပကာ တက်ရောက်လာကြသူများက ဗဟိုအလုပ်အမှုဆောင်အသစ်များအား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သန်လျင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ တောင်သူ ဦးပေါ်ဆန်းနှင့်ဦးမင်းသူတို့၏ လယ်မြေများတွင် စိုက်ပျိုးထားသော စပါးစံကွက်များရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်နှင့်တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်ဝန်ထမ်းများက ကြည့်ရှုအားပေးကြသည်။

အဆိုပါရိတ်သိမ်းပွဲတွင် တောင်သူ ဦးပေါ်ဆန်း၏လယ်မြေ မှော်ဘီ(၃)စပါး ၁၀ ဒသမ ၃၄ ဧကမှ စပါးအစို ၁၂၈ ဒသမ ၈၇ တင်း၊ အခြောက် ၁၂၀ ဒသမ ၉၂ တင်းထွက်ရှိပြီး တောင်သူဦးမင်းသူ၏ လယ်မြေ မှော်ဘီ(၃)စပါး ၁၁ ဒသမ ၈၂ ဧကမှ စပါးအစို ၁၂၀ ဒသမ ၀၅ တင်း၊ အခြောက် ၁၁၂ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## ဟုမ္မလင်းမြို့နယ် နားနုန်းအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ် ပန္နက်ရိုက်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာအုပ်စု နားနုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပေ(၆၀ x ၄၀) အကျယ်အဝန်းရှိ နံကပ်၊ သွပ်မိုးတစ်ထပ်စာသင် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်ပွဲ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရာဌေး၊ ဟုမ္မလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ရဲထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းကော်မတီဝင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ပန္နက်ရိုက်ခြင်းများ ဆောင်ရွက်ပေးကြသည်။

**ဆောက်လုပ်သွားမည်**

အဆိုပါ ကျောင်းဆောင်သစ်အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မြစ်မိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၂၄ ဒသမ ၀၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄၆ ဒသမ ၂၅ သန်းဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၁၄**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်လိတ်လမ်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သတင်းရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ဖွဲ့ခွဲ (ရှမ်း) ဒုတိယတပ်ဖွဲ့ခွဲ(ကျိုင်းတုံ)မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး ထိန်းလင်းသိန်းစောနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယရဲမှူး မျိုးဇော်နှင့်တပ်ဖွဲ့ဝင်များက နောင်လိတ်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ၊ သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆယ်ယူရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးယာယီဒုရဲမှူးကြီး ဝေလင်းအောင်၊ နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝဏ္ဏတို့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၄ ရက်က ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

## ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ် နောင်ခိုင်-ဇီးအွန်-မူလာရှီးဒီလမ်း ၁၂ မိုင် ခုနစ်ဖာလုံအနက် ၁၀ မိုင် ခုနစ်ဖာလုံကို ကျောက်ခင်းပြီး ကျန်ရှိသည့် နှစ်မိုင်ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၂၉ ဒသမ ၀၀၆ သန်းဖြင့် ကျောက်လမ်း တစ်မိုင်၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း တစ်မိုင်နှင့် မဝွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းပေါ်၌သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် လမ်းပိတ်ဆို့မှု ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်




နေပြည်တော် စက်တင်ဘာ ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မွန်မလေး (ပြန်/ဆက်)




မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စခန်းမှူး ဒုရဲမှူးဝင်းထွဋ်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် အမှတ်(၇၇) ယဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မုဒုံ)မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ရာမည(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တင်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၅၁ ဦးနှင့် မိသားစုဝင်ရဲမေ ၂၄ ဦး စုစုပေါင်း ၇၅ ဦးတို့က စက်တင်ဘာ ၁၃ ရက်တွင် သရက်မြို့ ရုံးရပ်ကွက် ရွှေသက်လွတ်စေတီတော်ရင်ပြင်နှင့် သာသနာ့ဗိမာန်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ဇော်ထက်(သရက်)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှု ကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆိပ်ဖြူမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

ဆိပ်ဖြူ စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက်က ဆိပ်ဖြူမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄)ရပ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်စီစီမိုးက လူကုန်ကူးခံရခြင်းကြောင့် ရရှိနိုင်သည့်ဆိုးကျိုးများကိုဆွေးနွေးပြီး "လူကုန်ကူးမှု တိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့" ဟူသည့် ဆောင်ပုဒ်ကိုပြောကြားကာ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရီရီချို(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက်က အင်းစိန်မြို့နယ်ရှိ ရွှေပြည်သာ



စက်မှုဇုန်(၃)မှ အာရှသမာဓိ အထည်ချုပ်စက်ရုံ၊ Jiangsu Soho အထည်ချုပ်စက်ရုံ၊ Meeshka Manufacturing Myanmar Co.,Ltd (အထည်ချုပ်)စက်ရုံနှင့် ရွှေရည်စံပယ်အထည်ချုပ်စက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မမလေးနှင့် ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်စိုး (ဥပဒေစစ်ဆေးရေး)တို့က လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပိုကိစ္စရပ်များ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်၊ လုပ်ခလစာနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးခြင်းဖြင့်လည်း အလုပ်ရှင်နှင့်အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများကို ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာ၍ ကုန်ထုတ်လုပ်မှု မြင့်မားကာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

# သတိပြုရှောင်ရှားသင့်သည့် စိတ်ပြောင်းဆေးဝါးကက်တမင်း

နေထွန်းဦး(မန်းတက္ကသိုလ်)

မျက်မှောက်ခေတ်တွင် လူငယ်၊ လူလတ်အတော်များများမှာ အပျော်အပါးရလိုမှု၊ ပေါင်းသင်းဆက်ဆံရေးတွင် ထင်ပေါ်လိုမှု၊ အပေါင်းအသင်းအချင်းချင်း မြူဆွယ်မှု၊ ဖျော်ဖြေရေးနှင့် စိတ်အပန်းဖြေခြင်းများအတွက် မူးယစ်ဆေးဝါးကိုစမ်းသပ်သုံးစွဲလာကြသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုပုံစံများမှာလည်း ပြောင်းလဲလာပြီး ယခင်ကကဲ့သို့ တစ်ဦးတစ်ယောက်ချင်း၊ တစ်စုတစ်ဖွဲ့ချင်း သို့ဝှက်သုံးစွဲသည့်ပုံစံမှ ပါတီပေး၍ အုပ်စုဖွဲ့သုံးစွဲခြင်း၊ ကလပ်များ၊ ဘားများတွင် မူးယစ်ဆေးဝါးသုံးစွဲ၍ ကခုန်ခြင်းတို့အပြင် မူးယစ်ဆေးဝါးကို တစ်မျိုးတည်းသုံးစွဲသည့်ပုံစံမှ မူးယစ်ဆေးဝါးမျိုးစုံကို ရောနှော၍ (Drugs Cocktail) အနေဖြင့် သုံးစွဲလာသည်ကို နိုင်ငံအတော်များများတွင် တွေ့ရှိလာရပါသည်။ ထိုသို့ သုံးစွဲကြရာတွင် Street name အနေဖြင့် “K” ဟုခေါ်သည့် ကက်တမင်း (Ketamine) သုံးစွဲမှုမှာ များပြားလာပြီး လူသိများလာသည်။



စိတ်ပြောင်းဆေးဝါးကက်တမင်း။

### ကက်တမင်းအကြောင်း

ကက်တမင်း(Ketamine)ကို မူလစတင်ထုတ်လုပ်စဉ်က လူသားအကျိုးပြုဆေးဝါးအဖြစ် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာဝန်များနှင့် ဓာတုဗေဒပညာရှင်များသည် ခွဲစိတ်ကုသရာတွင် အသုံးပြုရန်နှင့် နာကျင်မှုများကို သက်သာစေရန်အတွက် ဆေးဝါးများကိုစမ်းသပ်ရှာဖွေရာမှ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ Parke–Davis ကုမ္ပဏီက ခွဲစိတ်ကုသရာတွင် နာကျင်မှုသက်သာစေသောဆေး PCP(Phencyclidine) ကို ဖော်ထုတ်တွေ့ရှိပြီး စမ်းသပ်အသုံးပြုခဲ့ပါသည်။ PCP သည် နာကျင်မှုဝေဒနာများကို သက်သာစေသော်လည်း စိတ်အာရုံပြောင်းလဲခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ အကြမ်းဖက်မှုဖြစ်စေခြင်း အစရှိသည့် ဘေးထွက်ဆိုးကျိုးများကြောင့် PCP အစား အခြားဆေးဝါးများကို ဆက်လက်၍ သုတေသနပြုခဲ့ရာ ၁၉၆၂ ခုနှစ်တွင် ဆေးပညာရပ်ဆိုင်ရာအကျိုးပြုဆေးဝါး ကက်တမင်းကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် ကက်တမင်းကို ဘယ်လ်ဂျီယံနိုင်ငံတွင် မှတ်ပုံတင်၍ ၁၉၆၄ ခုနှစ်တွင် ဆေးကုသမှုဆိုင်ရာ မေ့ဆေးအဖြစ် လူသားများဖြင့် စမ်းသပ်နိုင်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်အခြေစိုက် Parke–Davis ကုမ္ပဏီက လူသားနှင့် တိရစ္ဆာန်များအပေါ် ဆေးကုသမှုဆိုင်ရာဆေးအဖြစ် မူပိုင်ခွင့်မှတ်ပုံတင်ပြီး ၁၉၆၉ ခုနှစ်တွင် Ketamine hydrochloride ပုံစံဖြင့် ဆေးကိုရရှိ၍ ၁၉၇၀ ပြည့်နှစ်တွင် အမေရိကန် Food and Drug Administration က အမေရိကန်နိုင်ငံတွင် အသုံးပြုရန်ခွင့်ပြုခဲ့ပါသည်။

ကက်တမင်းကို အရေးပေါ်ကျန်းမာရေးပြဿနာများဖြစ်သည့် မီးလောင်ဒဏ်ရာများကို ဆေးထည့်ခြင်း၊ အရိုးကျိုးခြင်းကို ခွဲစိတ်ကုသခြင်း၊ စစ်မြေပြင်ဒဏ်ရာများကုသခြင်းနှင့် ဒဏ်ရာပြင်းထန်သော လူနာများအတွက် နာကျင်မှုသက်သာစေသည့်ဆေးအဖြစ် လည်းကောင်း၊ ဓာတ်မတည့်မှုကြောင့် အခြားမေ့ဆေးမသုံးနိုင်သော ခွဲစိတ်ကုသမှုများနှင့် သုံးစွဲနေကျမေ့ဆေးဖြင့် မသင့်လျော်သည့် လူနာများအတွက် အစားထိုးထုံဆေး၊ မေ့ဆေးအဖြစ် လည်းကောင်း သုံးစွဲကြပါသည်။

### မူးယစ်ဆေးဝါးအနေဖြင့် သုံးစွဲမှု

ကက်တမင်းကို ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် လူသားအကျိုးပြုဆေးဝါးအဖြစ် ထုတ်လုပ်ခဲ့သော်လည်း လူငယ်အသိုင်းအဝိုင်းအတွင်း ပျော်ပွဲရွှင်ပွဲများ၊ ပါတီများတွင် စိတ်ပြောင်းဆေးဝါးအဖြစ် အလွဲသုံးလာမှုနှင့်အတူ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများက စိတ်ပြောင်းဆေးဝါးအဖြစ် တရားမဝင်ထုတ်လုပ်လာခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်များအတွင်း Club Culture၊ Dance Culture များတွင် စိတ်ပြောင်းဆေးဝါးအနေဖြင့် လူသိများသုံးစွဲလာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်များတွင် အာရှနိုင်ငံများ၌ စိတ်ပြောင်းဆေးဝါးအဖြစ် သုံးစွဲလာခဲ့ပါသည်။ စိတ်ပြောင်းဆေးဝါးအနေဖြင့် လမ်းပေါ်နှင့် Night Club များ၊ ပါတီများတွင် တရားမဝင်သုံးစွဲသည့် ကက်တမင်းကို အဖြူရောင်ပုံဆောင်ခဲ(Ketamine Crystal)၊ အမှုန့်ပုံစံ (Ketamine Powder) အနေဖြင့် တွေ့ရှိရပြီး တရားမဝင်ရောင်းချခြင်း (သို့မဟုတ်) လမ်းကြောင်းလွှဲခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်ခန့်မှစ၍ Club Drug အဖြစ် သုံးစွဲမှုအချို့ရှိခဲ့ကြပြီး ယခုအခါတွင် သုံးစွဲမှုမြင့်တက်လာမှုနှင့်အတူ ဖမ်းဆီးရမိမှုမှာလည်းများလာပြီး ကလပ်၊ ဘားနှင့် ပါတီများတွင် “ကေဆော့တယ်”ဆိုသည့် စကားလုံးမှာ လူငယ်များကြား ရေပန်းစားလာကြောင်း တွေ့ရှိရပါသည်။ ကက်တမင်းကို ငွေကြေးသုံးစွဲနိုင်သူများအကြား Club Drug အနေဖြင့် လည်းကောင်း၊ အုပ်စုဖွဲ့၍ စိတ်အပန်းပြေဆေးအနေဖြင့်လည်းကောင်း လူငယ်/ လူလတ်/ လူကြီးမရွေး အပျော်သဘောသုံးစွဲကြပြီး ဒေသတွင်းနိုင်ငံများတွင်လည်း သုံးစွဲမှုမြင့်တက်လာခဲ့ပါသည်။

### ကက်တမင်း၏အခြားအမည်များ

ကက်တမင်းကို အဖြူ (သို့မဟုတ်) အညိုဖျော့အဖြစ်တွေ့ရပြီး ကိုကင်းနှင့် ဆင်တူသော်လည်း အသေးစိတ်အာနိသင်မှာ ကိုကင်းနှင့် ကွဲပြားခြားနားပါသည်၊ မူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်တွင် Common Street name အနေဖြင့် K၊ K2၊ Vitamin K၊ Lady K၊ Ket၊ Kit Kat၊ Super C၊ Super Acid၊ Super K၊ Special K၊ Special LA Coke၊ Cat Tranquilizers၊ Cat Valium၊ Jet၊ Ketaset၊ Ketaject စသည်ဖြင့် ခေါ်ဆိုကြပြီး စိတ်ပြောင်းဆေးဝါးအဖြစ် လည်းကောင်း၊ ယာယီမှတ်ဉာဏ်ဆုံးရှုံးမှုဖြစ်စေနိုင်သည့် အာနိသင်ရှိသည့်အတွက် လိင်အဓမ္မပြုဆေး (Date Rape Drug) အဖြစ်လည်းကောင်း သုံးစွဲကြပါသည်။

### ထိန်းချုပ်ဆေးဝါးစာရင်းတွင် ပါဝင်မှု

နိုင်ငံအချို့တွင် တရားဝင်ဆေးအဖြစ် ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သော်လည်း နိုင်ငံအတော်များများတွင် ထိန်းချုပ်ဆေးဝါးအဖြစ် သတ်မှတ်ထားပါသည်။ နိုင်ငံအလိုက် ထိန်းချုပ်မှုများကို ထုတ်နုတ်တင်ပြရလျှင် ၁၉၉၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ၂၀၀၅ ခုနှစ်တွင် ကနေဒါနိုင်ငံ၊ ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံတို့၌ ထိန်းချုပ်ဆေးဝါးစာရင်းတွင် ထည့်သွင်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂလန်နိုင်ငံမှ Class B Drug သတ်မှတ်၍ ယင်း၏အန္တရာယ်ရှိမှုကြောင့် ၂၀၂၅ ခုနှစ်တွင် Class A Drug သို့ပြောင်းရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စိတ်ကိုပြောင်းလဲစေသောဆေးဝါး (Psychotropic Substances) ၁၇၁ မျိုးတွင် ထည့်သွင်း၍ ထိန်းချုပ်ထားရှိပါသည်။

### ကက်တမင်း၏ နောက်ဆက်တွဲဆိုးကျိုးများ

စိတ်ပြောင်းဆေးဝါးအဖြစ် သုံးစွဲသူများသည် ကက်တမင်းအမှုန့် (Ketamine Powder)ကို နှာခေါင်းဖြင့် ရှူရှိုက်၍ သုံးစွဲကြပါသည်။ ကက်တမင်းကို နှာခေါင်းဖြင့်ရှူရှိုက်၍သုံးစွဲပါက ငါးမိနစ်မှ ၁၅မိနစ်အတွင်း၊ အကြောတွင်းထိုးသွင်း၍ သုံးစွဲပါက တစ်မိနစ်အတွင်း၊ မျိုချသုံးစွဲပါက မိနစ် ၃၀ အတွင်း ဆေး၏အာနိသင်ကို ခံစားရပါသည်။ သာမန်အားဖြင့် ကက်တမင်းသုံးစွဲပြီးပါက ၁၀ မိနစ်အတွင်း ဆေးအာနိသင်ရရှိ၍ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ ပြောင်းလဲလာသည်ကို တွေ့ရှိရပါသည်။ ဆေးသုံးစွဲနေစဉ် စိတ်အာရုံကမောက်ကမဖြစ်စေခြင်း၊ မှတ်ဉာဏ်ပျောက်ဆုံးခြင်း၊ လိင်စိတ်နိုးကြွစေခြင်း၊ နှလုံးခုန်နှုန်းနှင့် သွေးဖိအားတိုးစေခြင်းတို့ကို တွေ့ရှိရသည်။ ဆေးသုံးစွဲပြီးပါက ပျော်ရွှင်လာပြီး အသိစိတ်မှာ ခန္ဓာကိုယ်နှင့်ကင်းကွာ၍ လေထဲမှာပျံဝဲနေသလို ခံစားရတတ်ပါသည်။ ကက်တမင်းကို ပမာဏများများ သုံးစွဲပြီးပါက ဆေးသုံးစွဲသူ၏စိတ်တွင် ထွက်ပေါက်မရှိ ချောင်ပိတ်မိသလိုခံစားရပြီး အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် မသိနိုင်တော့ခြင်း၊ တကယ်လားအိပ်မက်လား ခွဲခြားမသိနိုင်ခြင်း၊ အသံ/ အမြင်အာရုံ ပုံမှန်မဟုတ်ခြင်း၊ ထိန်းချုပ်မှုမရှိတော့ခြင်း၊ မေ့လျော့ခြင်း/ သတိလစ်ခြင်း၊ ကိုယ်လက်မလှုပ်ရှားနိုင်ခြင်းကဲ့သို့ခံစားရပြီး ယင်းသို့ခံစားရသည့်အတွေ့အကြုံကို ကက်တမင်းသုံးစွဲသူများက K–Hole (ကေ–အမှောင် ကျင်း) ဖြစ်သည်ဟုခေါ်ဆိုပြီး K–Hole ဖြစ်ခြင်းသည် သုံးစွဲသူ၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည့်အတွက် အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။

ကက်တမင်းမှာ Hallucinations စိတ်အာရုံချောက်ချားစေသည့် အာနိသင်ရှိသည့်အတွက် သုံးစွဲပြီးပါက အကြားအမြင်ဝေဝါးခြင်း၊ ဆေးသုံးစွဲမှုများပါက ရုပ်ပိုင်းဆိုင်ရာလက္ခဏာများအနေဖြင့် ထုံဆေးထိုးထားသကဲ့သို့ နာကျင်မှုမခံစားရခြင်း၊ ကြွက်သားများတင်းမာခြင်း၊ ကြွက်သားထိန်းချုပ်မှု (Muscle Control) ပျက်သွားသည့်အတွက်ခြေလက်လှုပ်ရှားမှု ဟန်ချက်မညီခြင်း၊ ဒယီးဒယိုင်လှုပ်ရှားသွားလာခြင်း၊ ချွေးထွက်များခြင်း၊ တံတွေးထွက်များခြင်း၊ စကားပြောအာလေးလျှာလေးပြောခြင်း၊ ဗလုံးဗထွေးပြောဆိုခြင်း၊ မျက်လုံးများမှုန်ဝါးခြင်း၊ သူငယ်အိမ်ကျဉ်းခြင်းများ ဖြစ်ပေါ်တတ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သွေးဖိအားမြင့်ခြင်း၊ သွေးတိုးခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း စသည့် လက္ခဏာများ ခံစားရပြီး ဆေးအလွန်အကျွံသုံးစွဲမိပါက နှလုံးခုန်မမှန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း၊ မေ့မြောခြင်း၊ နှလုံးခုန်ရပ်ခြင်းတို့လည်း ဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။ **စာမျက်နှာ ၁၁ သို့** ❂

**“ကက်တမင်း(Ketamine)ကို High Dose သုံးစွဲပါက ကိုမာ (Coma) ဖြစ်နိုင်ခြေရှိခြင်း၊ Out of body experience ဟုခေါ်သည့် ကိုယ့်ခန္ဓာကိုယ်နှင့် ချိတ်ဆက်မှု မရှိသလိုခံစားရခြင်း၊ မိမိအနားမှအရာများကို အခြားသူတစ်ဦးမှ ကြည့်နေသကဲ့သို့ ခံစားရခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ လက်တွေ့ဘဝမှ လွတ်ထွက်သွားခြင်းတို့ ဖြစ်စေပါသည်။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်မှုအနေဖြင့် အသည်းတွင် သွေးသန့်စင်ခြင်းနှင့် အဆိပ်အတောက်ဖယ်ရှားခြင်းကဲ့သို့ အရေးကြီးသည့် လုပ်ဆောင်မှုများကို ထိခိုက်၍ အသည်းပျက်စီးစေခြင်း၊ ဆီးလမ်းကြောင်း ကျောက်ကပ်မှဆီးအိမ်အထိ ထိခိုက်နိုင်ပြီး ဆီးမထိန်းနိုင်ခြင်း၊ ဆီးမကြာခဏသွား၍ ပြင်းထန်သော ဆီးအိမ်ပြဿနာများကို ဖြစ်စေခြင်း၊ ဆီးအတွင်းသွေးပါ၍ ဆီးအိမ်ပျက်စီးခြင်း၊ “ကေ” ကြွက်တက်ခြင်းဟု ခေါ်ဆိုသည့် ဝမ်းဗိုက်နာကျင်ခြင်းတို့ဖြစ်ပေါ်စေ”**



## မကွေးမြို့၌ သက်တန့်ရောင် သမဝါယမစီမံကိန်းဖြင့် ဆောင်းမြေပဲစိုက်ပျိုးထားသည့် တောင်သူများနှင့်တွေ့ဆုံ

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းမြေပဲစိုက်ဧက ၆၆ ဧကအတွက် သက်တန့်ရောင် သမဝါယမစီမံကိန်းဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးထားသည့် မကွေးမြို့နယ် ကန်ပြားကျေးရွာ ပျိုးခင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်မှအသင်းသားတောင်သူ ဦးဝင်းနိုင်၏ ဆောင်းမြေပဲ(ဆွန်တာနီ) စိုက်ခင်းအား ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့်အသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာန အသင်းစုတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးက ကန်ပြားကျေးရွာဓမ္မာရုံတွင် ဆောင်းမြေပဲစိုက်ပျိုးသည့် အသင်းသား တောင်သူ ၄၃ ဦးနှင့် တွေ့ဆုံ၍ သက်တန့်ရောင်သမဝါယမစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က သဘာဝဘေးအန္တရာယ်၊ မတော်တဆထိခိုက်မှုနှင့် အရေးပေါ် အခြေအနေများတွင် ရှေးဦးပြုစုခြင်း၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ ရှေးဦးပြုစုခြင်းဖြင့် လူ့အသက်များကို ကယ်တင်နေကြသည့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့် ပရဟိတအသင်းအဖွဲ့များကို လေးစားဂုဏ်ယူကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဥပဒေပါအတိုင်း အသင်း၏ စေတနာ့ဝန်ထမ်း ဆောင်ရွက်မှုများကို အလေးထားပြီး လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာဇော်ဌေး တက်ရောက်သည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအပတ်စဉ်၁/၂၀၂၅မှ ၇/၂၀၂၅အထိ သင်တန်းများတွင် ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့သော သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ခြင်း၊ အောင်လက်မှတ်များပေးအပ်ခြင်း၊ နည်းပြများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ၏ မတည်ငွေအလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းနှင့် မြို့နယ် ကြက်ခြေနီအသင်းခွဲ၏ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော စေတနာ့ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများကဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။ **မြို့နယ်(ပြန်/ဆက်)**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ခုတင်(၅၀) သွားနှင့် ခံတွင်းအထူးကုဆေးရုံ၌ ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့မှ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင်၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ရန်နိုင်၊ ရဲအုပ်နေမျိုးလင်းနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ပုသိမ်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ်မှူး ရဲမှူးလှစိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ သမဝါယမကောလိပ်(မန္တလေး)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့ တာဝတိံသာဘုန်းကြီးကျောင်းဝင်းအတွင်းတွင် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးဇော်လွင်ဦး လမ်းညွှန်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ညီဝင်းကျော် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဇော်မြင့်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



❂ စာမျက်နှာ ၁၀ မှ

ကက်တမင်းကို ရေရှည်သုံးစွဲပါက မှတ်ဉာဏ်ဆုံးရှုံးမှုနှင့် အာရုံစူးစိုက်မှု ပြဿနာများဖြစ်ပွားခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် တစ်ခါတစ်ရံတွင် အမြင်မှားခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာလက္ခဏာများဖြစ်ပွား၍ ရှိရင်းစွဲစိတ်ကျန်းမာရေး ပြဿနာကို ပိုမိုဆိုးရွားစေကြောင်း တွေ့ရှိရပါသည်။ ကက်တမင်း (Ketamine)ကို High Dose သုံးစွဲပါက ကိုမာ(Coma) ဖြစ်နိုင်ခြေရှိခြင်း၊ Out of body experience ဟုခေါ်သည့် ကိုယ့်ခန္ဓာကိုယ်နှင့် ချိတ်ဆက်မှု မရှိသလိုခံစားရခြင်း၊ မိမိအနားမှအရာများကို အခြားသူတစ်ဦးမှ ကြည့်နေသကဲ့သို့ ခံစားရခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ လက်တွေ့ဘဝမှ လွတ်ထွက်သွားခြင်းတို့ ဖြစ်စေပါသည်။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်မှုအနေဖြင့် အသည်းတွင် သွေးသန့်စင်ခြင်းနှင့် အဆိပ်အတောက်ဖယ်ရှားခြင်းကဲ့သို့ အရေးကြီးသည့် လုပ်ဆောင်မှုများကို ထိခိုက်၍ အသည်းပျက်စီးစေခြင်း၊ ဆီးလမ်းကြောင်း ကျောက်ကပ်မှဆီးအိမ်အထိ ထိခိုက်နိုင်ပြီး ဆီးမထိန်းနိုင်ခြင်း၊ ဆီးမကြာခဏသွား၍ ပြင်းထန်သော ဆီးအိမ်ပြဿနာများကို ဖြစ်စေခြင်း၊ ဆီးအတွင်းသွေးပါ၍ ဆီးအိမ်ပျက်စီးခြင်း၊ "ကေ" ကြွက်တက်ခြင်းဟု ခေါ်ဆိုသည့် ဝမ်းဗိုက်နာကျင်ခြင်းတို့ ဖြစ်ပေါ်စေကြောင်း တွေ့ရှိရပါသည်။ ကက်တမင်းကို အက်တက်စီ(Ecstasy) သို့မဟုတ် အက်ဖက်တမင်း(Amphetamine)နှင့် ရောစပ်သုံးစွဲပါက သွေးတိုးခြင်း၊ ကက်တမင်းကို အများအပြားသုံးစွဲပြီး အခြားဆေးများနှင့် တွဲဖက်သုံးစွဲပါက အသက်သေဆုံးနိုင်ခြင်း၊ အရက် အထူးသဖြင့် Benzodiazepines သို့ Opiate ကဲ့သို့ဆေးများနှင့် ရောနှောသုံးစွဲပါက အော့အန်ခြင်း၊ ဝမ်းသွားခြင်းတို့ ဖြစ်နိုင်ပြီး ကက်တမင်းသုံးစွဲပြီးပါက ခန္ဓာကိုယ်ထိန်းချုပ်နိုင်မှုကို ဆုံးရှုံးသည့်အတွက် အန္တရာယ်များသည့် မတော်တဆဖြစ်ပွားမှု အမျိုးမျိုးနှင့်လည်း ကြုံတွေ့နိုင်ပါသည်။

အချုပ်အားဖြင့် ကက်တမင်းကို နိုင်ငံတကာတွင် ထိန်းချုပ်ဆေးဝါးအဖြစ်ထိန်းချုပ်၍ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း စိတ်ပြောင်းဆေးဝါးစာရင်းတွင် ထည့်သွင်း၍ ကက်တမင်းထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိပါသည်။ ကက်တမင်းကို စိတ်ပြောင်းဆေးဝါးအဖြစ် လက်ဝယ်ထားသုံးစွဲမှုများနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း ကက်တမင်းသုံးစွဲခြင်း၏ ဆိုးကျိုးများကို ဦးတည်အုပ်စုများဖြစ်သည့် မူးယစ်ဆေးဝါးသုံးစွဲသူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကက်တမင်းသုံးစွဲခြင်း၏ ဆိုးကျိုးများကို သိရှိရှောင်ရှားနိုင်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကို လျှော့ချနိုင်မှုနှင့်အတူ နောက်ဆက်တွဲကျန်းမာရေးနှင့် လူမှုစီးပွားပြဿနာများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို လျှော့ချနိုင်ခြင်းကြောင့် မူးယစ်ဆေးဝါးဝယ်လိုအားကိုလျှော့ချနိုင်ပြီး ထုတ်လုပ်မှုအားနှင့် ရောင်းလိုအားလည်း လျော့ကျသွားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်ထုအနေဖြင့် စိတ်ပြောင်းဆေးဝါးကက်တမင်းသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ၊ အန္တရာယ်များ အကြောင်းကိုသိရှိပြီး ရှောင်ရှားနိုင်စေရန်နှင့် ကျန်းမာကြံ့ခိုင်သည့် အနာဂတ်မျိုးဆက်များဖြစ်စေရန် ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား –** **Wikipedia**
**Thewaveclinic.com**
**Drugs.com**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးပိုထွန်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းလှိုင် ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဒေးဒရဲမြို့ကျက်သရေဆောင် ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျုံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အေဇာလင်း



(၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက်ရှိအိမ်တော်ရာဘုရားဝင်းအတွင်း၌ ကျောက်တံတားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၆၅ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ အောင်မြင့်(ပြန်/ဆက်)



# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက်နံနက်ပိုင်းက (၇၀) ရပ်ကွက် လှော်ကားလမ်း အောင်သုခဓမ္မာရုံအတွင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေး

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစီးအရာရှိဦးညီဇော်ဌေးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၅ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ကာယကံရှင်များလက်ဝယ်သို့ ပေးအပ်ခဲ့ပြီး Biometric(UID)ကောက်ယူခြင်းလုပ်ငန်းကိုလည်း OSS (One Stop Service) စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးအောင်(ဒဂုံတောင်)

# ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးလျာထားချက် ၁၁၄၈၂၂ ဧကေ၌ ကျန်ရှိသော ၃၉၂၅၈ ဧကအား ဆက်လက်စိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၁၄

ယခုနှစ် မိုးစပါးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်ရာ၌ စိုက်ပျိုးရန်ကျန်ရှိသော ၃၉၂၅၈ ဧကအား စက်တင်ဘာလတွင် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



စိုက်ပျိုး

၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန်လျာထားရာ ၁၁၀၈၉၆၄ ဧက စိုက်ပျိုးပြီးဖြစ်၍ အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနှင့် ဒေသမျိုးစသည့် အုပ်စုသုံးစုမှ မျိုးစပါး ၁၈ မျိုးကို ၉၆ ဒသမ ၅၈ ရာခိုင်နှုန်း စိုက်ပျိုးထားသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးကို မေလကုန်ပိုင်းတွင် စတင်စိုက်ပျိုးလေ့ရှိပြီး သန်လျင်ခရိုင်နှင့် တိုက်ကြီးခရိုင်တို့တွင် စတင်စိုက်ပျိုးခဲ့ရာ မိုးရာသီစတင်ချိန်စိုက်ပျိုးခဲ့သည့် သက်လတ်မျိုးစပါးများ စံကွက်ရိတ်သိမ်းရန် စောင့်ဆိုင်းနေသော လယ်ကွက်အချို့နှင့် စပါးနှံများလှိုင်လှိုင်သီးနေသည့် စပါးခင်းများဖြင့် မိုးစပါးများ စိမ်းစိုနေသည်။

"မိုးစပါးစိုက်ပျိုးမှုက စက်တင်ဘာလကုန်ရင် ရာသီပိတ်ပါပြီ။ ရာသီစချိန်မှာ စိုက်ပျိုးထားတဲ့ သက်လတ်စိုက်ခင်းအချို့ဆိုရင် စံကွက်တွေ ရိတ်လို့ရနေပါပြီ။ တိုက်ကြီးက စပါးခင်းအချို့ဆိုရင် စပါးနှံတွေ အားကောင်းကောင်းနဲ့ သီးနေကြပါတယ်။ ယခုလမှစပြီး စိုက်နေကြတဲ့ သက်တမ်းတို စိုက်ခင်းတွေလည်းရှိတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီးမှာ မိုးစပါး ၁၁၄၈၂၂ ဧက လျာထားချက်မှာ ၉၆ ရာခိုင်နှုန်းကျော် စိုက်ပြီးနေပါပြီ။ တောင်သူတွေ မြေဩဇာအဆင်ပြေအောင် တိုင်းဒေသကြီးအစိုးရနဲ့ ကုမ္ပဏီတွေချိတ်ဆက်ပြီး ဆောင်ရွက်ပေးနေတာရှိပါတယ်။ အထွက်နှုန်းကောင်းအောင် မြေဩဇာနည်းစနစ် မှန်ကန်စွာသုံးစွဲဖို့နဲ့ စိုက်နည်းစနစ်မှန်အောင် လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့တာကြောင့် ယခုနှစ်မိုးစပါးလျာထားချက် အောင်မြင်မယ်လို့မြင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ယခုနှစ် မိုးစပါးရာသီ၌ အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းသုခ၊ မနောသုခ၊ ရာကျော်၊ ရွှေဝါထွန်း၊ ရတနာတိုး၊ ရက်(၉၀)၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မော်ဘီဆန်း၊ စူပါနံ့ကောက်၊ မော်ဘီ(၃)၊ ပခမ်းရွှေဝါ၊ ဒဂုံ၊ နယူးဧရာမင်း၊ ကရင်မထိပ်ဆောင်း၊ GW-11၊ အရည်အသွေးကောင်းမျိုးများဖြစ်သည့် ပေါ်ဆန်းရင်၊ ဧရာမင်း၊ ပေါ်ဆန်းမွှေး၊ မော်ဘီ(၂)၊ အင်းမရဲဘော်၊ ဘာစမာတီနှင့် ဒေသမျိုးရင်းများဖြစ်သည့် ငစိန်၊ မြီးတုံး၊ ငကြွေ၊ တောင်ပျံ၊ ဇီရာ၊ ကောက်ညှင်းစသည့် မျိုးစပါးများကို စိုက်ပျိုးထားပြီး မိုးစပါးတစ်ကေလျှင် တင်းရာကျော်ထွက်သော စိုက်ခင်းများလည်းရှိရာ ယမန်နှစ်က မိုးစပါးတစ်ကေလျှင် ပျမ်းမျှအားဖြင့် တင်း ၇၀ ကျော် ထွက်ရှိခဲ့၍ ယခုနှစ်မိုးရာသီ၌ တစ်ကေလျှင် ၇၂ တင်းကျော်ထွက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

မိုးစပါးကို မုတ်သုံရာသီအဝင် မေလတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလကုန်ပိုင်း၌ ရာသီပိတ်လေ့ရှိပြီး အောက်တိုဘာလကုန်ပိုင်းမှစ၍ ဇန်နဝါရီလအထိ စပါးသက်တမ်းပေါ်မူတည်၍ ရိတ်သိမ်းလေ့ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးများကို ဒဂုံမြို့သစ်ခရိုင်၊ သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ မှော်ဘီခရိုင်၊ လှည်းကူးခရိုင်၊ တိုက်ကြီးခရိုင်၊ မင်္ဂလာဒုံခရိုင်၊ အင်းစိန်ခရိုင်နှင့် အလုံခရိုင်တို့တွင် ၁၁၀၈၉၆၄ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

သတင်း-ဥသ
ဓာတ်ပုံ - ကိုလွင်

# တိုက်ကြီးမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

တိုက်ကြီး စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုက်ကြီးခရိုင် ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်အောင်၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုက်ကြီးမြို့နယ် ဦးစီးမှူး ဦးဝင်းဆွေ ဦးဆောင်၍ ပန်းခင်းစီမံချက်(၃)အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Biometric Data ကောက်ယူ၍ UID ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက




ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီးနီးဘုရားဓမ္မာရုံ၌ ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ခြင်းလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရှမ်းစုရပ်ကွက်အတွင်း နေထိုင်သူ ကျား ၄၅ ဦး၊ မ ၆၀ စုစုပေါင်း ၁၀၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ပြားများ ဆောင်ရွက်ပေးသည်။

မြို့နယ်(ပြန်/ဆက်)

■

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်



နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ (၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်သည်။

တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်း စုစုပေါင်း ၆၁ ဦးတို့သည် (၆၁)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ ချုံနွယ်များ၊ မြက်ပင်များကို စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ဗြိတိန်နိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြည်သူများက ဆန့်ကျင်ဆန္ဒထုတ်ဖော်

**လန်ဒန် စက်တင်ဘာ ၁၄**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်၌ နိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြည်သူများက ဆန့်ကျင်ဆန္ဒထုတ်ဖော်မှု ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မှုသည် တစ်ပတ်ကျော်ကြာခဲ့ပြီး နိုင်ငံတစ်ဝန်းအထိ ပျံ့နှံ့လျက်ရှိသည်။

ဝေလပြည်နယ်ရှိ ဟိုတယ် ၂၀၀ ခန့်တွင် ခိုလှုံခွင့်တောင်းခံသူ ၃၀၀၀၀ ကျော်ကို နေထိုင်ခွင့်ပြုထားကြောင်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။

နိုင်ငံအရှေ့တောင်ပိုင်း အက်ဆက်မြို့ရှိ ဟိုတယ်တစ်ခုတွင် ခိုလှုံခွင့်တောင်းခံသူ အီသီယိုးပီးယားနိုင်ငံသားတစ်ဦးက လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် အခြားပြစ်မှုများကို ကျူးလွန်ခဲ့ပြီးနောက် နိုင်ငံသားများနှင့် ခိုလှုံခွင့်တောင်းခံသူများအကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ခိုလှုံခွင့်တောင်းခံသူများ နေထိုင်သည့် အခြားဟိုတယ်များတွင်လည်း ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

မြို့တော်လန်ဒန်၌ ဆန္ဒထုတ်ဖော်မှုကို နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တွမ်မီရောဘင်ဆန်က စီစဉ်ခဲ့ခြင်းဖြစ်သည်။




ဆန္ဒပြသူများက "သူတို့ကို အိမ်ပြန်ပို့ပါ"နှင့် "ကျွန်ုပ်တို့၏ကလေးများကို ကယ်တင်ပါ" ဟု ရေးသားထားသည့် စာတန်းများကို ကိုင်ဆောင်ထားသည်။

ဆန္ဒပြမှုတွင် ပြည်သူတစ်သိန်းကျော်ပါဝင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဆန္ဒထုတ်ဖော်သူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ခဲ့ရာ ရဲအရာရှိ ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆန္ဒထုတ်ဖော်သူ ၂၅ ဦးအား ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်အစိုးရက ခိုလှုံခွင့်တောင်းခံသူများအား ထားရှိရန် ဟိုတယ်များအသုံးပြုမှုကို ဖြည်းဖြည်းချင်း ရပ်ဆိုင်းမည့်အစီအစဉ်များကို ကြေညာခဲ့ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



## အရှေ့အလယ်ပိုင်းတွင် နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ထူထောင်ရေး အီဂျစ်တောင်းဆို

**ကိုင်ရို စက်တင်ဘာ ၁၄**

အရှေ့အလယ်ပိုင်းတွင် နျူကလီးယားလက်နက်ကင်းမဲ့ဇုန်တစ်ခုထူထောင်ရေး အီဂျစ်က တောင်းဆိုခဲ့ကြောင်း သိရသည်။

လာမည့်သီတင်းပတ်တွင်ဗီယင်နာမြို့၌ကျင်းပမည့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအစည်းအဝေးတွင်ကမ္ဘာ့နိုင်ငံများအား နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် အီဂျစ်ကတောင်းဆိုမည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ စာချုပ်အား လိုက်နာဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများကြား ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်မည်ဖြစ်ကာ ဒေသတွင်းတင်းမာမှုများကိုလျှော့ချနိုင်မည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။ အရှေ့အလယ်ပိုင်းအား နျူကလီးယားနှင့် အစုလိုက်အပြုံလိုက်သေစေနိုင်သည့် လက်နက်များကင်းမဲ့စေရေးဆောင်ရွက်ခြင်းသည် ဒေသတွင်းနှင့်နိုင်ငံတကာ တည်ငြိမ်ရေးနှင့် လုံခြုံရေးရရှိစေရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဟု ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ နျူကလီးယားလက်နက်များ မပြန့်ပွားရေးအတွက် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ရေး အီဂျစ်ကတောင်းဆိုခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–စိုးသူရ

# အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသ၌ ထိုးစစ်မြှင့်တင်လျက်ရှိရာ ဒေသခံများ နေအိမ်များစွန့်ခွာထွက်ပြေးနေရ

**ဂါဇာစီးတီး စက်တင်ဘာ ၁၄**

အစ္စရေးတပ်ဖွဲ့က ဂါဇာဒေသ၌ ထိုးစစ်မြှင့်တင်လျက်ရှိသည့်အတွက် ဂါဇာမြို့ရှိ ဒေသခံများက နေ့ရောညပါ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးလျက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင် မြောက်ပိုင်းရှိမြို့များကို ဖြတ်ကျော် တိုက်ခိုက်မှုများ ပြင်းထန်လာလျက်ရှိသည်။

အစ္စရေးက ဟားမတ်စ်၏ နောက်ဆုံးအမာခံနယ်မြေဖြစ်သည့် ဂါဇာစီးတီးကို တိုက်စစ်ဆင်ချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်သူ တစ်သန်းနီးပါးကိုလည်း မြို့တော်မှ ထွက်ခွာပြီး လူသားချင်းစာနာထောက်ထားမှုဇုန်အဖြစ် သတ်မှတ်ပေးထားသည့် ကမ်းရိုးတန်းဒေသ၏ တောင်ဘက်ပိုင်းသို့ ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့သည်။

ဂါဇာမြို့တော်ဘက်သို့ ဆက်သွယ်သည့် လမ်းမကြီးတွင် နေ့ခင်းဘက်သာမက ညဘက်တွင်လည်း အိမ်သုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့် ထရပ်ကားများ၊ ကားများဖြင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။

ဂါဇာမြို့တော်၌ နေထိုင်သူလေးပုံတစ်ပုံ (ပြည်သူ ၂၅၀၀၀၀) သည် စက်တင်ဘာ ၁၃ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း အစ္စရေးတပ်မတော်က ခန့်မှန်းပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



## အီရန်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား သဘောတူညီချက်ကို ပြန်လည်သုံးသပ်

**တီဟီရန် စက်တင်ဘာ ၁၄**

အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီတို့အကြား ရရှိခဲ့သည့်သဘောတူညီချက်များကို ပြန်လည်သုံးသပ်နေကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီက ယနေ့ ပြောကြားသည်။

အီရန်အနေဖြင့် မိမိနိုင်ငံနှင့် နျူကလီးယားအခြေခံအဆောက်အအုံများအား ကန့်သတ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့မှုများကို ပြန်လည်ချမှတ်ခဲ့ပါက နှစ်ဖက်အကြားရရှိခဲ့သည့် သဘောတူညီချက်များကို ရုပ်သိမ်းမည်ဟု အီရန်က ပြောကြားခဲ့သည်။

နှစ်ဖက်အကြားပူးပေါင်းဆောင်ရွက်မှုများရပ်ဆိုင်းခဲ့ပြီးနောက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အီရန်အပေါ် နျူကလီးယားလုပ်ငန်းများစစ်ဆေးရာတွင် အီရန်အမျိုးသားလုံခြုံရေးကောင်စီ၏ အတည်ပြုချက်ရမှသာ စစ်ဆေးရန်နှင့် အီရန်နျူကလီးယားဓာတ်ပေါင်းဖိုများနှင့် ပညာရှင်များအား လုံခြုံမှုပေးရန် တောင်းဆိုခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

## အီဂျစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးယာဉ်တန်းကို ဂါဇာသို့ ထပ်မံပို့ဆောင်

**ကိုင်ရို စက်တင်ဘာ ၁၄**

အီဂျစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်တန်းသစ်ကို ဂါဇာကမ်းမြောင်သို့ မဝင်ရောက်မီ အစ္စရေးအာဏာပိုင်များ စစ်ဆေးရန်အတွက် ကီရမ်ရှလွမ်နယ်စပ်ဖြတ်ကျော်ဂိတ်သို့ ယနေ့ ပို့ဆောင်ခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် တီဗွီသတင်းတွင် ဖော်ပြထားသည်။

အီဂျစ်လခြမ်းနီအဖွဲ့ (ERC) ယာဉ်တန်းသည် ဇူလိုင် ၂၇ ရက်မှစပြီး အီဂျစ်နိုင်ငံမှ ဂါဇာသို့ ပေးပို့သည့် ၃၆ ခုမြောက် အကူအညီပေးရေး ယာဉ်တန်းဖြစ်သည်။

ဆန်၊ ခေါက်ဆွဲများအပါအဝင် အခြားသော စားနပ်ရိက္ခာနှင့် ကလေးငယ်များအတွက် ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်တန်းသည် စက်တင်ဘာ ၁၄ ရက် နံနက်အစောပိုင်းတွင် ကီရမ်ရှလွမ်နယ်စပ်ဖြတ်ကျော်ဂိတ်သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အစ္စရေး၏ တိုက်ခိုက်မှုအတွင်း အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ပါလက်စတိုင်းများ၏ နေထိုင်မှုအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ပထမဆုံးအကြိမ်အဖြစ် ရွှေ့လျားအိမ်သာများလည်း ပါဝင်သည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် ဂါဇာရှိ ပါလက်စတိုင်းများကို ထောက်ပံ့ရန်အတွက် အီဂျစ် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသမှ ကောက်ခံရရှိသော အလှူငွေများလည်း ပါဝင်သည်။ အီဂျစ်လခြမ်းနီအဖွဲ့သည် အီဂျစ်မှတစ်ဆင့် ဂါဇာသို့ အကူအညီများ ပေးပို့လိုသော နိုင်ငံများနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အီဂျစ်နိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင်ခဲ့သည့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်ကို ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

■

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် မြိတ်မြို့ ကမ်းနားလမ်း ကွက်သစ်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၁၉၈၄၂၇၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် စဥ့်ကိုင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်လေးစီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၁၂ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၈၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၀၊ လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၃၂၇၇၄၁၈ ကျပ်)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hijet တစ်စီး၊ Toyota Toyoace Van တစ်စီး၊ Foton Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀)နှင့် သံရွာစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၆၉၄၁၇၄၁၈ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် ရွှာင်မြို့နယ်အတွင်း၌ ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၇၇၁၇၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Hino Truck နှစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head လေးစီး၊ Scania Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ DAF Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၀၀၀၀၀၀)




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၇၁၇၅၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၇၈၆၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး၊ Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ခြံဝင်းအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၉၆၂၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၃၇၄၅၂၄၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုလစ်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်တို့ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ သီသီခိုင်(တနင်္သာရီ)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး လှခိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက်တွင် ကြံခင်းမြို့နယ် ကျောက်တိုင်ရွာ ၅၂၈ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဝင်း၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းမောင်၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူးဒုရဲမှူး စည်းစိမ်စိုး ဦးစီး၍ ယာဉ်ထိန်းရဲတပ်ဖွဲ့များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၉-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဝန်းကျင်သဘာဝလှပဖို့Clean And Green ကျောင်းများဖန်တီးစို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ သမိုင်းကိုမြင်နိုင်သည့်ယဉ်ကျေးမှုအမွေ (အမျိုးသားပြတိုက်)
- ၁၁:၂၅ ဘဝနှင့်အနုပညာ "**မြန်မာ့ဂီတထိပ်တန်းအဆိုပညာရှင်ရီရီသန့်**" (အပိုင်း-၂)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ကိုရီးယား) '**ဟန်ဆောင်အပြုံးနဲ့အမုန်း**' (အပိုင်း-၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ "**တော**" (အပိုင်း-၁၂)
- ၁၄:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(တရုတ်) '**တော်ဝင်စားပွဲ**' (အပိုင်း-၄၄+၄၅)
- ၁၅:၄၅ The Sports Editors's Top Picks Of This Week
- ၁၆:၃၅ **ချစ်ဝရုအရွယ်ကစားကြမယ်**
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) '**ဟန်ဆောင်အပြုံးနဲ့အမုန်း**' (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တရုတ်' '**မုန်တိုင်းတစ်ခုရဲ့နိဂုံး**' (အပိုင်း-၃၅)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:08 Let's go to....Natural Paradise
- 07:39 Kay Tu Mar Lar "The Decision"
- 07:51 Listening Pleasure, Instrumental Music (Horn Violin) Aung
- 08:01 News
- 08:26 Global Updates; Can plants really help root out cancer
- 08:34 Myanmar Traditional Thatched Roofs: IN-LEAF
- 08:51 Wet Markets of Yangon: Thiri mingalar Market
- 09:01 Myanmar Music Icon:
- 09:18 Snake Dancer
- 09:26 Discovering Tribes:
- 10:01 News
- 10:26 Topical Topics: The Lungs of the Earth That Must Be Preserved

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ကယား)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ "**အတ္တဝေဒ**" (အပိုင်း-၁၀)
- ၀၇:၄၅ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် "**ဝထကလသ**" တေးဂီတဖျော်ဖြေပွဲ
- ၀၉:၃၅ ကာတွန်း "**ရိုက်ုံးစွန့်တးခန်း**" (အပိုင်း-၈)
- ၀၉:၅၀ စတီရီယိုတေးများ
- ၁၀:၁၀ မြန်မာရုပ်ရှင်(ဖြူမည်း) '**မြေမှာမွှင့်သောပေတ္တာပန်း**'

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပရျူးထမင်းကြော်နှင့်ကြက်သားသုပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ရိုးရာဝက်သားနှင့်မျှစ်ဖက်ထုပ်ပေါင်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဖွံ့ကပင်မြေမှဖွံ့ဖြိုးတိုးတက်မှုများ(အပိုင်း-၃)

**ချင်း(လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ဆန်ပြားလုသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
စွန်တောင်ရွာကရေငန်စိမ့်စမ်းများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မြောက်ဦးဆရာတော်တရားစခန်း

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံ 'ဝ' ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့(အပိုင်း-၂)

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ဒူးပရာတောင်ရှေတောင်တန်းဆီသို့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှဖစ်ဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၇:၃၀ နိုင်ငံတော်ရွှေသီးဖို့လိုက်ဘာရီကာကော်ဖီ စီးပွားဖြစ်စိုက်ပျိုးကြစို့

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ '**အစ္စရေးနိုင်ငံ**'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ '**ဆွစ်ဇာလန်နိုင်ငံ**'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ဂျပန်နိုင်ငံ**'
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၄)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ သဘော်စိုက်ပျိုးနည်းနှင့်သဘော်ချဉ်စပ်ယိုပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ How Americans Produce 97
- ၁၉:၃၀ World Wide Wave Ep (5)
- ၂၀:၀၀ **ရေပေဆေးဘကျော်** (ဇာတ်လမ်း)
- ၂၂:၀၀ Departures (**နိုင်ငံခြားဇာတ်လမ်း**)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ This Sports Editor's Top Picks of this Week
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ AYA Bank Women's Futsal League 2025 (AYA 3rd) (Thunder Tigresses Vs Winner Generations)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၄**

NUG နှင့် CRPH တို့၏ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်၍ ၎င်းတို့ ရောက်ရှိ ခိုအောင်းရာ နေရာများနှင့် အနီးဝန်းကျင်တွင် လက်နက်ဖြင့် ခြိမ်းခြောက် အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့နှင့် အလိုမတူသူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အကြမ်းဖက် လုပ်ရပ်များ လျော့နည်း ပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုတို့ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့၊ ညမပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ သတင်းဆက်စပ်ဖော်ထုတ်ခြင်းများ ဖြင့်လည်း ဒေသအလိုက် အကြမ်းဖက်မှု လျော့နည်း ပပျောက်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက် လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုနှင့် အခြားဆက်စပ်သတင်းဖော်ထုတ်မှုများအရ PDF အမည်ခံ အကြမ်းဖက်သမားဖြစ်သူ သန်းလွင်ဆိုသူသည် ရဟန်းသံဃာ အယောင်ဆောင်၍ လက်နက်/ခဲယမ်းများအား ဖြူးမြို့နယ် ကျောက်တိုင်ကျေးရွာမှ သယ်ဆောင်ကာ ဇယားကျေးရွာအား ဖြတ်သန်း၍ ၎င်းမှတစ်ဆင့် အုတ်တွင်းမြို့နယ် ကွဲပွဲမြို့အနီး (သို့မဟုတ်) ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၂၈/၂ သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာအနီး စောင့်ဆိုင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တိုင်ကျေးရွာဘက်မှ ညောင်ပင်သာကျေးရွာဘက်သို့ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင် မောင်းနှင်လာသည့် ယာဉ်အမှတ်၊ RLG / 1412၊ X-Trail အနက်ရောင် လိုင်စင်မဲ့ယာဉ်အား ယာဉ်၏ကိုယ်ထည်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်မျိုးစုံကိုးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမားအား ဝိနည်းဓမ္မကံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူဝတ်လဲ၍ စစ်ဆေးမေးမြန်း သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ အဆိုပါ လက်နက်/ ခဲယမ်းများကို လာရောက် ယူဆောင်မည့်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၂၇/၆ အနီး၊ လမ်း၏အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသူ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ထိတွေ့မှုဖြစ်ပွားနေချိန်တွင် ဖမ်းဆီးရမိ ရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင်သည် အခွင့်ကောင်းယူ ထွက်ပြေးရန် ကြိုးစားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်တန့်ရန် ပြောကြားခဲ့သော်လည်း ရပ်တန့်ခြင်း မရှိသောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သန်းလွင်သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို သက်ဆိုင်ရာဒေသခံများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကာ ၎င်းတို့၏ လှုပ်ရှားမှုသတင်းများအား ယခုကဲ့သို့ အချိန်မီ ပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်/ ခဲယမ်းများကို အချိန်မီဖမ်းဆီးနိုင်ခြင်း ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့၍ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ သိုဝှက်သယ်ဆောင်လာသည့်လက်နက်/ ခဲယမ်းများကို တွေ့ရစဉ်။



မော်တော်ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် လက်နက်/ ခဲယမ်းများကို တွေ့မြင်ရစဉ်။

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ-----၊ ၂၇ နှစ်သည် မူဆယ်မြို့ရှိ အစ်မဖြစ်သူထံ သွားရောက်နေထိုင်ပြီး အလုပ်အကိုင်ရှာဖွေခဲ့ရာ ဒေါ်မာလာနှင့်တွေ့ဆုံခင်မင်ခဲ့ပြီး ဒေါ်မာလာမှ တရုတ်ယောကျ်ားယူလျှင် တရုတ်ယွမ် ၁၅၀၀၀ ခန့်ရမည်ဟုစည်းရုံးပြောဆိုရာ သိန်းဇော်လတ်(ခ)ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်း၊ စိုင်းအောင်သိန်း၊ နှင်းဝေဦးတို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစားဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ)၁၁၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိန်းဇော်လတ်(ခ)ဆံရှည်၊ ရွှန်းပြည့်ဟိန်း(ခ)ကိုဟိန်းနှင့် စိုင်းအောင်သိန်းတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်မာလာ၊ နှင်းဝေဦးနှင့် ဒေါ်ပခမ်းတို့သုံးဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ -----၊ ၂၂/ ၂၀၂၅ နှစ်အား အမည်မမှတ်မိ Tik Tok အကောင့်တစ်ခုမှ တရုတ်ယောကျ်ား By one လုပ်ရမည်၊ ၆ လမှ ၁ နှစ်ခန့် နေထိုင်ပေးရမည်၊ မြန်မာငွေကျပ် သိန်း ၆၀ ရရှိမည်၊ စရိတ်ငြိမ်းပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ မူဆယ်မြို့သို့ ရောက်သောအခါ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးမှ ထက်ထက်လှိုင်(ခ)မထက်ထံ ပို့ဆောင်ပေးခဲ့ပြီး ထက်ထက်လှိုင်(ခ)မထက်မှ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ)အန်တီသက်နှင့် သက်သက်အေး(ခ)မသက်တို့နှင့်ပူးပေါင်း၍ ရွှေလီမြို့ရှိ ပွဲစား ဒေါ်ပခမ်းမှတစ်ဆင့် တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားခဲ့ကြောင်း၊ တရုတ်ယောကျ်ားနှင့် တစ်လခန့်ပေါင်းသင်းနေထိုင်ရပြီး ငွေကြေးတစ်စုံတစ်ရာရရှိခြင်း မရှိသဖြင့် ထွက်ပြေးလာခဲ့ပြီး စိုင်းအောင်သိန်းထံ အကူအညီတောင်း၍ မြန်မာနိုင်ငံသို့ပြန်လာခဲ့ကြောင်း၊ စိုင်းအောင်သိန်းမှ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခ ယွမ် ၁၃၀၀၀ တောင်းရာ မပေးနိုင်သဖြင့် နေအိမ်တွင် ပိတ်လှောင်ထားပြီး မကြာခဏရိုက်နှက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းများ ပြုလုပ်ခဲ့ရာ ပတ်ဝန်းကျင်ရှိလူများ ရောက်ရှိလာသဖြင့် လွတ်မြောက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၀၉/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ စိုင်းအောင်သိန်း၊ သက်သက်ဇော်(ခ)အန်တီသက်နှင့် သက်သက်အေး(ခ) မသက်တို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ထက်ထက်လှိုင်(ခ)မထက်နှင့် ဒေါ်ပခမ်းတို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နေ မ -----၊ ၂၀/ ၂၀၂၅ နှစ်အား ရှမ်းပြည်နယ် မူဆယ်မြို့နေ အေးမြတ်မွန်မှ လူမှုကွန်ရက် Tik Tok Nam Mu Lay @nan.mu acc မှတစ်ဆင့် တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ယွမ် ၁၀၀၀၀ ရမည်၊ တရုတ်အမျိုးသားနှင့် တစ်နှစ်ပေါင်းသင်းရမည်၊ လုပ်ကိုင်လိုပါက မန္တလေးမြို့သို့ လာရောက်ရန် စည်းရုံးပြောဆိုပြီး မန္တလေးမြို့သို့ခေါ်ဆောင်ခဲ့ကြောင်း၊ မန္တလေးမြို့တွင် အေးမြတ်မွန် ချိတ်ဆက်ပေးထားသည့် ပွဲစား မအောင်မီး(ခ) ပီဆိုင်းအွန်က လာကြိုပြီး ၎င်းပေါင်းသင်းရမည့် တရုတ်ယောကျ်ားနှင့် တွေ့ဆုံရန် တရုတ်နိုင်ငံ ရွှေလီမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ ရွှေလီမြို့တွင် တရုတ်ယောကျ်ားနှင့်တွေ့ဆုံပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ပြီး နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန်စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်း (ပ) ၃၁/ ၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ တရားခံ အေးမြတ်မွန်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မအောင်မီး (ခ)ပီဆိုင်းအွန်ကို ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်နေ မ -----၊ ၂၅/ ၂၀၂၅ နှစ်အား တစ်ရွာတည်းနေ အစ်မဝမ်းကွဲဖြစ်သူ အိဖြူစိုးမှ တရုတ်နိုင်ငံသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၄၀၀ ရမည်၊ တရုတ်နိုင်ငံ ဝူဟန်မြို့နေ ၎င်းတို့အစ်မတစ်ဝမ်းကွဲတော်စပ်သည့် သင်းသင်းစိုးထံသို့ wechat မှတစ်ဆင့် ၎င်း၏ဓာတ်ပုံများ ပေးပို့ထားကြောင်း၊ မသင်းသင်းစိုးမှ ဝူဟန်မြို့မှ မန္တလေးမြို့သို့လာရောက်၍ ၎င်းအား တရုတ်နိုင်ငံသို့ခေါ်ဆောင်မည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ပေးရန် စောင့်ဆိုင်းနေစဉ် တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းခြင်းခံခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်း (ပ)၅၈/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံသင်းသင်းစိုးနှင့် အိဖြူစိုးတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် (၂၆) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အခြေခံပညာအသက် (၁၀) နှစ်မှ (၁၅) နှစ်အထိ အမျိုးသား၊ အမျိုးသမီး အကပြိုင်ပွဲ၊ အခြေခံပညာ အသက် (၁၅) နှစ်မှ (၂၀) အထိ အမျိုးသား၊ အမျိုးသမီးအကပြိုင်ပွဲ၊ ခေတ်ဟောင်းတေး/ ကာလပေါ် အခြေခံပညာ အသက် (၁၀) နှစ်မှ (၁၅) နှစ်အထိ အမျိုးသား၊ အမျိုးသမီး အဆိုပြိုင်ပွဲ၊ အသက် (၁၅) နှစ်မှ (၂၀) အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ မဟာဂီတအခြေခံပညာ အသက် (၁၀) နှစ်မှ (၁၅) နှစ်အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ အသက် (၁၅) နှစ်မှ (၂၀) အထိ အမျိုးသား၊ အမျိုးသမီးအဆိုပြိုင်ပွဲ၊ မဟာဂီတအဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အခြေခံပညာ အသက် (၁၅) နှစ်မှ (၂၀) အထိ အမျိုးသားအရေးပြိုင်ပွဲ၊ ကဗျာလွတ်အကပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဒိုင်အဖွဲ့နှင့် အတီးပံ့ပိုးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**အားပေးစကား ပြောကြား**

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိကြသူများက ပြန်လည်ကပြ၊ သီဆို၊ တီးမှုတ်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၌ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ရောင်ခြည်ဦးကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ရောင်ခြည်ဦးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



အဆိုပါ အသင်းမှအသင်းသားတောင်သူ ၃၁ ဦး စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ဧက ၃၂၀ ဒသမ ၅ဧကအတွက် အသင်းအချင်းချင်း ပံ့ပိုးချေးငွေဖြင့် သွင်းအားစု တန်ဖိုးငွေကျပ် ၆၄ ဒသမ ၃ သန်းထောက်ပံ့ပေးအပ်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**

# လသာမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် ပြေစာများပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက်က မြို့နယ်အခွန်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်အောင်မေက ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေရှင်း ဆောင်ရွက်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**





တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ်တွင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပုလောမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထိုက်ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၀ တို့က အမှတ်(၃)ရပ်ကွက်ရှိ နာဂကလျာဏီသိမ်တော် ဘုရားကုန်းပေါ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အေးအေးမော်(ပုလော)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ သီးကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အမြန်လမ်း ၂၈၄/၃မိုင် မိတ္ထီလာမြို့နယ် တုန်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)

မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်နံနက်ပိုင်းက ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မွန်မလေး (ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူနယ်မြေရဲစခန်းမှ ရဲအုပ်ဇင်မင်းထွေး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အိန္ဒူတိုက်နယ်ပြည်သူ့ဆေးရုံ ပရိဝုဏ်အတွင်း စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ် ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးတို့ကို စုပေါင်း ဆောင်ရွက်စဉ်။



ခရိုင်(ပြန်/ဆက်)




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ရတနာ ရွှေတိဂုံစေတီတော်သမိုင်း




ဌေးဝေ ရေးသားသည့် ရတနာရွှေတိဂုံစေတီတော်သမိုင်းစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အတုလဆရာတော်၏ ရွှေတိဂုံဆံတော် ဓာတ်သမိုင်း ပေမူ၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မူလဇာစ်မြစ်၊ ရွှေတိဂုံဘုရား၏ သမိုင်းများ၊ မြန်မာရာဇဝင်များပါ ရွှေတိဂုံဘုရား၊ လေးဆူဓာတ်ပုံရွှေတိဂုံ၊ သိင်္ဂုတ္တရကုန်းတော်တည်ရှိရာ ရန်ကုန်မြို့အမည်များနှင့် ရွှေတိဂုံဘုရား အမည်များ၊ ရွှေတိဂုံဘုရား၏ ရွှေသင်္ကန်းတော်၊ ဆုတောင်းပြည့် ပြည်တော်ပြန်ဘုရားနှစ်ဆူ၊ ဗုဒ္ဓဘုရားရှင်၏ မဂ္ဂင်ရှစ်ပါး၊ မွန်ကျောက်စာလာ မဟာမြတ်ရွှေတိဂုံစေတီတော်၊ မြန်မာကျောက်စာလာ မြတ်ရွှေတိဂုံ စေတီတော်၊ ရတနာ ရွှေတိဂုံဘုရားသမိုင်း စသည့် အခန်း (၁၂)ခန်းပါရှိသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြီးမားမှုကြောင့် တစ်ကမ္ဘာလုံးမှ နိုင်ငံတော်အကြီးအကဲများသည် မြန်မာနိုင်ငံသို့ လာရောက်ရာတွင် ရွှေတိဂုံဘုရားသို့ ဝင်ရောက်ကြည်ညိုလေ့ရှိကြသည်။ ရွှေတိဂုံဘုရားတွင် ရှေးကျသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်းကျောက်စာများ၊ ရှေးဟောင်းဗိသုကာလက်ရာများ စသည့် စိတ်ဝင်စားဖွယ်ရာ အများအပြားတည်ရှိနေသောကြောင့် တစ်ကမ္ဘာလုံးက စိတ်ဝင်တစား လေ့လာလျက်ရှိကြသည်။ ဗုဒ္ဓဘုရားရှင်၏ မေတ္တာဓာတ်ကြောင့် လာရောက်သူအားလုံး စိတ်အေးချမ်းမှုကို ဖြစ်စေပါသည်။

**စာအုပ်ကို သီရိဝဏ္ဏ စာပေ၊ ဖုန်း ၀၉ ၅၀၀၇၀၇၄၊ ၀၉ ၅၀၉၃၂၁၃၊ အမှတ် ၄၄၊ ဌာနာရပ်ကွက်၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပုဂံမတိုင်မီ မြန်မာအစနှင့် သမိုင်းထင်ရှား မင်းမြတ်ကိုးပါး




ဟိန်းဇေ ရေးသားသည့် ပုဂံမတိုင်မီ မြန်မာအစနှင့် သမိုင်းထင်ရှား မင်းမြတ်ကိုးပါးစာအုပ် တတိယအကြိမ် ထွက်ရှိလာသည်။

မြန်မာ့သမိုင်းတွင် ထင်ရှားသည့် မင်းမြတ်ကိုးပါးဖြစ်သော ပုဂံခေတ် မင်းသုံးပါးဖြစ်သည့် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ တောင်ငူဟံသာဝတီခေတ် မင်းနှစ်ပါးဖြစ်သည့် တပင်ရွှေထီး၊ ဘုရင့်နောင်၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရား၊ မင်းတုန်းမင်း စုစုပေါင်း မင်းကိုးပါးတို့အကြောင်း ဖော်ပြထားသည့်အပြင် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ သမိုင်းဆိုင်ရာ အတွေးအမြင်များကို ဖော်ပြထားသည်။

သမိုင်းပညာရှင်များ၏ နောက်ဆုံးတွေ့ရှိချက်များနှင့်အတူ သမိုင်းမှန်ဖြစ်စေချင်သောကြောင့် အချိန်ယူ လေ့လာပြီး ရေးသားပြုစုထားခဲ့ကြောင်း စာရေးသူက ဆိုထားသည်။

မြန်မာမှန်လျှင် ပုဂံကိုရောက်ဖူးရမည်ဆိုသည့်စကားနှင့်အညီ မြန်မာလူမျိုး၊ မြန်မာနိုင်ငံတော် စတင်ဖြစ်ပေါ်ရာ ပုဂံမြေသည် သမိုင်းတန်ဖိုးအရ လွန်စွာကြီးမားလှသည့်အပြင် ကြည့်ရှုလေ့လာစရာ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာ များပြားလှသည့်အတွက် မြန်မာတိုင်း သွားရောက်လေ့လာသင့်ပေသည်။

**စာအုပ်ကို ဦးအောင်စိုး၊ စိုးစာပေ၊ ဖုန်း ၀၉ ၅၅၃၇၅၇၊ အမှတ် ၅၅ (E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၁၀၀၀ သတ်မှတ်ထားသည်။**



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခင်မောင်ညွန့်တို့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူးမင်းမြတ်စောဝင်းက ဦးဆောင်၍ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ စုပေါင်း၍ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံတပ်နယ်မှ အရာရှိနှင့် စစ်သည်များ၊ သထုံခရိုင်ရဲတပ်ဖွဲ့အတွင်းရှိ တပ်ဖွဲ့အသီးသီးမှ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်း အင်အား ၂၅၀ ကျော်တို့က စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းလုပ်အားဒါနပြု သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ကြရာ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး စိုးလင်းထွန်း၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်နိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ သထုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)





ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဖီပြဘုရားကြီးတွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်းနှင့် အရာရှိ၊ တပ်ဖွဲ့ဝင်နှင့် အိမ်ထောင်သည်များ စုပေါင်း၍ စက်တင်ဘာ ၁၄ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

လွိုင်လင်မိုး



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး ဦးဆောင်၍ ကျိုက်ထိုခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ကျိုက်ထို)မှ ရဲအုပ်ထွန်းလွင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့(ကျိုက်ထို)မှ ရဲအုပ်မင်းသီဟနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ကျိုက်ထို)မှ ဒုရဲအုပ် အောင်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၂၇ ဦးတို့က ရွှေဘုံသာဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကျိုက်ထို(ပြန်/ဆက်)

## ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားဖူးလာရောက်သူများ လက်အလှပန်းချီဆွဲမှု များပြားလာ

**ညောင်ဦး စက်တင်ဘာ ၁၄**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံ ပတ်ဝန်းကျင်၌ ဖွင့်လှစ်ထားသည့် လက်အလှ ပန်းချီဆိုင်များတွင် လက်အလှပန်းချီဆွဲမှု များပြားလာခြင်းကြောင့် မိသားစုဝင်ငွေ အထိုက်အလျောက် ရရှိလာကြောင်း ဆင်ဖြူရှင်ကျောင်းတိုက် ကားရပ်နားကွင်းတွင် လက်အလှပန်းချီရေးဆွဲနေသည့် ဦးနိုင်ဝင်းထံမှ သိရသည်။



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး၊ လေ့လာရေး လာရောက်သူ များပြားလာခဲ့ပြီး မြင်းလှည်း အငှားလိုက်သူများ၊ အီးဗိုက် အငှားလိုက်သူများ တဖြည်းဖြည်းများလာကြောင်း၊ ပြည်တွင်းဘုရားဖူးများ များလာခြင်းဖြင့် ပုဂံ-ညောင်ဦး ဒေသခံများ စီးပွားရေးပြန်လည်အဆင်ပြေလာနိုင်ကြောင်း လက်အလှပန်းချီရေးဆွဲနေသည့် ဦးတင်စိုးက ရှင်းပြသည်။

ပုဂံဒေသတွင် လက်အလှပန်းချီရေးဆွဲမှုများ ခေတ်စားနေခဲ့ရာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက လက်အလှပန်းချီကို ပုံစံအမျိုးမျိုးဖြင့် ရေးဆွဲကြကြောင်း၊ လူကြီး၊ လူငယ်၊ လူလတ်များအားလုံး လက်ရေးပန်းချီ တတ်မြောက်ကြကာ ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၅၀၀၀ တန်ထိ လက်အလှပန်းချီ ဆွဲပေးကြကြောင်း၊ တစ်ရက်ခံ၊ နှစ်ရက်ခံမှ တစ်ပတ်ခံထိ ရေးဆွဲကြကာ သုံးစွဲသည့် ဆေးအပေါ်မူတည်ကာ ဈေးကွာခြားကြောင်း၊ ယွန်းလုပ်ငန်းဖွံ့ဖြိုးစဉ်က ယွန်းလုပ်သမများ၊ ယွန်းလုပ်သားများ လက်အလှပန်းချီဆိုင်များ ဖွင့်လှစ်ကာ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကလည်း လက်အလှပန်းချီ၊ လက်ဆွဲပန်းချီများ ဆွဲလာခြင်းက ပုဂံ-ညောင်ဦး မြို့ခံများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိလာစေပြီး မိသားစုဝင်ငွေလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ကြောင်း၊ အခါကြီးရက်ကြီး လပြည့်နေ့များတွင် လက်ပန်းချီ(လက်အလှပန်းချီ)ရေးဆွဲသူများပြားကာ လက်ပန်းချီရေးဆွဲသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု (၄)



နီဇော်သစ်

၂၁ ရာစု တတိယ ဆယ်စုနှစ်ထဲကို ဝင်ရောက်လာချိန်တွင် မိုက်ခရိုပရိုဆက်ဆာ နည်းပညာတိုးတက်မှုများသည် အံ့မခန်းဆိုသည့်အနေအထားသို့ ရောက်လာခဲ့ပြီ။ ထရန်စစ္စတာဂိတ်များ၏ အရွယ်အစားသည် ၇ နာနိုမီတာမှ ၅ နာနိုမီတာ၊ ထိုမှ ၃ နာနိုမီတာဆိုပြီး အံ့မခန်း သေးငယ်လာခြင်းဖြစ်သည်။ ဒုတိယ ဆယ်စုနှစ် အကုန်ပိုင်းဟုဆိုနိုင်သည့် ၂၀၂၀ ပြည့်နှစ်တွင် ထွက်လာသော အက်ပဲလ် အမ်-ဝမ်း ပရိုဆက်ဆာသည် ၅ နာနိုမီတာ အမျိုးအစားဖြစ်ပြီး ထရန်စစ္စတာပေါင်း ၁၆ ဘီလီယံ ပါဝင်လာသည်။ နှစ်နှစ်အကြာ ၂၀၂၂ ခုနှစ်တွင် ထွက်လာသော အင်န်ဗီးဒီးယား၏ အိပ်ချ်-၁၀၀ ဂရပ်ဖစ်ကတ်သည် ၄ နာနိုမီတာ အရွယ်အစားဖြစ်ပြီး ထရန်စစ္စတာပေါင်း ၈၀ ဘီလီယံအထိ ပါဝင်လာသည်။ ၂၀၂၃ ခုနှစ်ထွက် အက်ပဲလ် အမ်-သရီး ပရိုဆက်ဆာသည် ၃ နာနိုမီတာအရွယ်အစားဖြစ်ပြီး ထရန်စစ္စတာပေါင်း ၂၄ ဘီလီယံ ပါဝင်လာသည်။

၂၁ ရာစု၏ တတိယ ဆယ်စုနှစ်ဆိုသည်မှာ အခြားမဟုတ် ပြီးခဲ့သည့် ငါးနှစ်တာကာလသာ။ ထိုကာလအတွင်း နည်းပညာတိုးတက်မှုများသည် တစ်ခုနှင့်တစ်ခု ယှဉ်တွဲပြီး မြန်နှုန်းမြင့်တိုးတက်မှုမျိုးကို မြင်လာရသည်။ မိုက်ခရို ပရိုဆက်ဆာ ထုတ်လုပ်မှုနည်းပညာများတွင် တစ်ဆစ်ချိုးတိုးတက်မှုတစ်ခုမှာ သရီးဒီ ထုတ်လုပ်မှုနည်းပညာဖြစ်သည်။ သရီးဒီ ထုတ်လုပ်မှုနည်းပညာဆိုသည်မှာ ခြေယမ်းလက်ယမ်းနည်းဖြင့် ရှင်းပြရလျှင် တစ်ပိုင်းလျှပ်ကူးတို့ကို အပေါ်မှထပ်၍ထုတ်လုပ်သည့် နည်းပညာဖြစ်သည်။ ပုံမှန်ချစ်ပ်ထုတ်လုပ်မှု နည်းပညာများကို နှစ်ဘက်တိုင်းနည်းဟုခေါ်ပြီး တစ်လွှာတည်း သွားခြင်းမျိုးဖြစ်သည်။ သရီးဒီနည်းပညာတွင်မူ အပေါ်မှအလွှာများ ထပ်ဖြည့်တည်ဆောက်ခြင်းဟု အကြမ်းအားဖြင့် မြင်နိုင်သည်။

ထိုသဘောတရားကို ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက စတင်ခဲ့ပြီး ၂၀၀၀ ပြည့်လွန်နှစ်များတွင် သုတေသနများ အထပ်ထပ်လုပ်ခဲ့သော်လည်း သရီးဒီ ထုတ်လုပ်မှုအစစ်ဖြစ်မလာသေးပေ။ ၂၀၁၀ ပြည့်လွန်နှစ်များတွင်မှ တိုရှီဘာနှင့် ဆမ်ဆောင်းတို့က ပုံစံငယ်လုပ်နိုင်ပြီဟု ကြေညာခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဆမ်ဆောင်းက ၂၄ လွှာထပ် သရီးဒီ ထုတ်လုပ်မှုကို စီးပွားဖြစ် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် စီပီယူများအတွက် မဟုတ်သေးဘဲ မင်မိုရီများနှင့် ဂျီပီယူများအတွက်သာဖြစ်သည်။ ထိုနည်းပညာကြောင့် ဂျီပီယူများ အစွမ်းပိုထက်လာရသည်ဟုလည်း ဆိုနိုင်သည်။ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ၉၆ လွှာအထိ ဖြစ်လာသည်။

၂၀၂၁ ခုနှစ်တွင်မူ အေအမ်ဒီက စီပီယူပေါ်တွင် အပိုဆောင်း မင်မိုရီအလွှာကို ထပ်နိုင်ခဲ့သည်။ SRAM မင်မိုရီ ထပ်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ်မှာပင် တီအက်စ်အမ်စီကလည်း အိုင်စီပေါ်တွင် စစ္စတမ်တစ်ခုလုံးတင်ထားနိုင်သည့် အက်စ်အိုအိုင်စီ ချစ်ပ်များကို စီးပွားဖြစ်အများအပြား ထုတ်လုပ်လာနိုင်သည်။ ၂၀၂၃ ခုနှစ်တွင် ဆမ်ဆောင်းသည် အလွှာပေါင်း ၂၀၀ အထိ ထပ်နိုင်လာပြီဖြစ်သည်။ ဂျီပီယူများနှင့် မင်မိုရီများ အလွှာထပ်ပေါင်းများစွာဖြင့် ပေါ်ထွက်လာရာ အေအိုင်အရှိန်မြှင့်စက်များ အားကောင်းကောင်းဖြင့် ထွက်ပေါ်လာစေသည်။

ယခုနောက်ဆုံး ငါးနှစ်၏ ပါဝါပြန်လည်ဖြန့်ဝေမှုမှာ တော်တော်လေး ရှုပ်ထွေးသွားသည်။ လူတစ်ဦးတစ်ယောက်ချင်းစီသည် အလွန်အားကောင်းသော မိုက်ခရိုပရိုဆက်ဆာများကို လက်ထဲတွင် ကိုင်ထားနိုင်ကြသည်။ စမတ်ဖုန်းများအဖြစ် ရောက်လာခြင်းဖြစ်သည်။ ထိုစမတ်ဖုန်းများထဲတွင် အင်န်ပီယူများ ပါလာသည်။ စမတ်ဖုန်းကိုယ်တိုင်က အေအိုင်နည်းပညာကို ပံ့ပိုးပေးနိုင်နေပြီ။ ဆိုလိုသည်မှာ အင်တာနက် ချိတ်ဆက်ထားစရာမလိုဘဲ ကိုယ့်ဖုန်းထဲမှာပင် အေအိုင်အထောက်အပံ့ကို ရယူနိုင်ခြင်းဖြစ်သည်။ သို့သော် ထိုအကျိုးကျေးဇူးကို လူတိုင်းခံစားနိုင်ကြပါသလား။ ထိုမေးခွန်းကို တခြားလိုက်မေးစရာ မလိုပါ။ ကိုယ့်ကိုယ်ကိုယ် မေးလိုက်လျှင်ပင် ရနေပြီ။ ကိုယ့်လက်ထဲရှိ စမတ်ဖုန်းထဲတွင်ပါဝင်သော စွမ်းရည်မြင့် မိုက်ခရိုပရိုဆက်ဆာတို့၏ အစွမ်းကို အပြည့်အဝအသုံးချနိုင်ပါသလား။ မချနိုင်ပါ။ အသုံးချစရာလည်းမလိုပါ။ လူတစ်ယောက်၏ နိစ္စဓူဝ လူမှုရေးနှင့် အလုပ်တာဝန်များအတွက် လုံလောက်သည်ထက်ပင် ပိုနေ၍ဖြစ်သည်။

သို့သော် ထိုအစွမ်းတို့ကို အသုံးချသူများ မရှိဘူးလားဟု မေးလျှင် ရှိသည်ဟု ဖြေရပါမည်။ ယခုအချိန်တွင် နည်းပညာခေတ်၏ မျိုးဆက်ဖြစ်သော ဂျန်ဇီးများသည် ရှေ့လူများသုံးသည်ထက် နည်းပညာကို ပိုသုံးတတ်ကြသည်။ ထို့ကြောင့် သူတို့၏ လုပ်ဆောင်နိုင်စွမ်းတို့မှာ အေအိုင်၏ ပံ့ပိုးမှုဖြင့် သိသိသာသာ အရောင်ပိုတောက်လာကြ သည်ကို မြင်နေရပြီ။ ချတ်ဂျီပီတီ၊ ကိုပိုင်းလော့၊ ဂျမနိုင်း၊ ကန်ဗာ၊ ယခုနောက်ဆုံး နာနိုဘနားနား စသည်ဖြင့် အေအိုင် အထောက်အပံ့တို့သည် နေ့စဉ်ဘဝများထဲသို့ ဝင်လာကြသည်။ ထိုအေအိုင်များကိုတော့ နည်းပညာနှင့် မစိမ်းသူတိုင်း လိုက်သုံးကြသည်ကိုလည်း တွေ့နေရသည်။ ကွာခြားချက်မှာ ထိုအေအိုင်များကို သုံးလိုက်ခြင်းသည် အေအိုင် ကော်ပိုရေးရှင်းကြီးများကို မှီခိုလိုက်ရခြင်းဖြစ်သည်။ ဟာ့ဒ်ဝဲအရ အေအိုင်သည် ကိုယ့်လက်ထဲမှ ဖုန်းထဲတွင် တော်တော်လေးအားကောင်းသည့် အနေအထားဖြင့် ရှိနေသည်။ သို့သော် မသုံးနိုင်ကြ။ အင်တာနက်ပေါ်မှ ကော်ပိုရေးရှင်းများကို မှီခိုရသော အေအိုင်နည်းပညာများကိုတော့ အလွယ်တကူ သုံးနိုင်ကြသည်။ ထို့ကြောင့် ပါဝါပြန်လည်ဖြန့်ဝေမှုမှာ ရှုပ်ထွေးသည်ဟု ဆိုရခြင်းပင်။ တစ်ဦးတစ်ယောက်ချင်းစီသည် လက်ထဲသို့ရောက်လာသော ပါဝါကို မသုံးတတ်။ သုံးတတ်သော နည်းပညာကို သုံးခြင်းဖြင့် ကော်ပိုရေးရှင်းကြီးများထံသို့ ပါဝါပြန်လည် ရောက်ရှိသွားသည်ကို မြင်နေရခြင်းဖြစ်သည်။

ထို့ကြောင့် အေအိုင် အရင်းအမြစ် ကော်ပိုရေးရှင်းကြီးများ ပါဝါအားကောင်းလာသည်မှာ အံ့ဩစရာမဟုတ်ပါ။ အေအိုင် လေ့ကျင့်သင်ကြားမှုအတွက် အလွန်အရေးကြီးသော ဂျီပီယူများ ထုတ်လုပ်ပေးနေသည့် အင်န်ဗီးဒီးယားသည် ဈေးကွက်ကို ကြီးကြီးမားမား လွှမ်းမိုးထားသည်။ အက်ပဲလ်က ဒီဇိုင်းပိုင်းကို ထိန်းချုပ်ပြီး တီအက်စ်အမ်စီနှင့် ပေါင်းလိုက်သည်။ ထို့ကြောင့် ၅ နာနိုမီတာ၊ ၃ နာနိုမီတာလောကထဲသို့ စောစောစီးစီး ဝင်လာနိုင်ခြင်းဖြစ်သည်။ အင်တဲလ်ထံမှ အမှီအခိုကင်းလွတ်သွားသည်။ တီအက်စ်အမ်စီသည် ထိုနည်းပညာနှစ်မျိုးဖြင့် ကမ္ဘာ့အချုပ် နည်းပညာလုပ်ငန်းဖြစ်လာသည်။ အေအိုင်မိုဒယ်များကို လေ့ကျင့်သင်ကြားရာတွင် အရေးပါသော ကလောက်များကို ထိန်းချုပ်ထားသည့် မိုက်ခရိုဆော့ဖ်၊ ဂူဂဲလ်နှင့် အမေဇုန်တို့ကဲ့သို့ လုပ်ငန်းကြီးများသည်လည်း ပါဝါပိုမိုအားကောင်းလာသည်။ အိုးပင်းအေအိုင်၊ အန်သရိုးပစ်တို့ကဲ့သို့ အေအိုင်လုပ်ငန်းအသစ်များလက်ထဲသို့ ပါဝါများ ရောက်လာသည်။

ဘယ်သူတွေ ပါဝါဆုံးရှုံးသွားပါသလဲ။ အထူးခြားဆုံးမှာ ယခုဆယ်စုနှစ် မတိုင်ခင်အထိ မိုက်ခရိုပရိုဆက်ဆာလောကကို ဦးဆောင်နေခဲ့သော အင်တဲလ်သည် ထုတ်လုပ်မှုများ နှောင့်နှေးနေခြင်းနှင့်အတူ ထိုင်ဝမ်လုပ်ငန်း တီအက်စ်အမ်စီကို မယှဉ်နိုင်တော့ဘဲ ဈေးကွက်ဝေစုများ ဆုံးရှုံးလိုက်ရသည်။ အင်တဲလ်၏ စီအီးအို ပတ်ဂျယ်လ် ဆင်ဂါက "အဆင့်မီ တစ်ပိုင်းလျှပ်ကူးပစ္စည်းတွေအတွက် ကမ္ဘာကြီးက ထိုင်ဝမ်ကို မှီခိုနေရပြီ"ဟုပင် ၂၀၂၁ ခုနှစ်ကတည်းက ထုတ်ပြောခဲ့ရသည်။ အလားတူ အိပ်ချ်ပီနှင့် ဒဲလ်တို့ကဲ့သို့ ကွန်ပျူတာထုတ်လုပ်သည့် လုပ်ငန်းများလည်း မိုဘိုင်းကိရိယာများကြောင့် ဆုံးရှုံးမှုများ ရှိလာသည်။ လက်ပ်တော့ပ်များထဲတွင် အေအိုင်နည်းပညာ အသုံးပြုနိုင်သည့် ချစ်ပ်များ ထည့်သွင်းပြီး အမီလိုက်နေသော်လည်း စမတ်ဖုန်းလို၊ တက်ဘလက်လို မိုဘိုင်းပစ္စည်းများ၏ အရိပ်မိုးခံရခြင်းအောက်မှ မလွတ်ခဲ့ပေ။

လုပ်ငန်းလောကထဲတွင်မူ တစ်ချိန်က စက်မှုတော်လှန်ရေးကဲ့သို့ ပြန်ဖြစ်မလားဟု စိုးရိမ်ရလောက်အောင် ပါဝါအပြောင်းအလဲက ကြီးမားသည်။ စက်မှုတော်လှန်ရေးကာလအတွင်းက အခြေခံလုပ်သားများနေရာတွင် စက်များ အစားထိုးဝင်ရောက်ပြီး အလုပ်လက်မဲ့များစွာဖြစ်ကာ လူသားတို့၏ လူနေမှုပုံစံကို ကြီးကြီးမားမား အကျိုးသက်ရောက်စေခဲ့သည်။ ယခု မိုက်ခရိုပရိုဆက်ဆာများ တိုးတက်လာသည့်ကျေးဇူးဖြင့် အဆင့်မြင့်လာသော အေအိုင်နည်းပညာတို့သည်လည်း လူသားလုပ်သားတို့နေရာကိုဝင်ယူဖို့ တာစူနေပြီ။ အချို့နေရာများတွင် ဝင်ယူပြီးသားပင်ဖြစ်နေ၏။ ယခုတစ်ကြိမ်တွင် ကော်လာပြာတို့စိုးရိမ်စရာကိစ္စမဟုတ်၊ ကော်လာဖြူတို့ စိုးရိမ်ရသည့် ကိစ္စဖြစ်လာသည်။ မကြာသေးခင်က ထွက်ပေါ်လာသော ခန့်မှန်းချက် စစ်တမ်းတစ်ခုတွင် အေအိုင်၏ အစားထိုးခံရနိုင်ခြေအများဆုံး အလုပ်များထဲ၌ ဘာသာပြန်၊ စကားပြန်၊ သမိုင်းပညာရှင်၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည့် ကော်လာဖြူအလုပ်များ ထိပ်ဆုံးမှပါနေသည်ကို တွေ့ရသည်။

တစ်ဖက်တွင် အေအိုင် သုတေသီများ၊ အေအိုင်ကို ခိုင်းစေသည့် ပရွမ့်ရေးသားနိုင်သော အင်ဂျင်နီယာများ၊ ဂျီပီယူ အော်ပရေတာများ အစရှိသည့် အလုပ်အကိုင်အသစ်များသည် ခေတ်အကောင်းဆုံး အလုပ်အကိုင်များဖြစ်လာသည်။ ချစ်ပ် အင်ဂျင်နီယာများ၊ အေအိုင် သိပ္ပံပညာရှင်များသည် တိုင်းပြည်နိုင်ငံတို့၏ သားကောင်းရတနာများဖြစ်လာသည်။ ကော်လာဖြူအလုပ်များတွင် အေအိုင်ကို ခိုင်းစေပြီး ပိုကောင်းအောင်လုပ်နိုင်မည့်သူများသာ ဆက်လက်ရှင်သန်နိုင်မည့် ပုံစံမျိုး မြင်လာရသည်။

တိုင်းပြည်နိုင်ငံများဘက်ကို ကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် ချစ်ပ်ဒီဇိုင်းပိုင်းတွင် ဆက်လက်ဦးဆောင်ထားသည်။ သို့သော် ချစ်ပ်ထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်းသို့ ပြန်လည်ခေါ်ဆောင်ရန် ၂၀၂၂ ခုနှစ် ချစ်ပ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ရသည်။ တရုတ်နိုင်ငံရှိ ချစ်ပ်လုပ်ငန်းများ အမေရိကန်ပြည်ထောင်စုထဲသို့ ပြန်လာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ အေအိုင်ချစ်ပ်များ တင်ပို့မှုကို ပိတ်ပင်ခဲ့သည်။ နည်းပညာပြိုင်ဆိုင်မှုတွင် ထိုအနေအထားမှာ တွေ့ဖူးသမျှ အတင်းမာဆုံး အနေအထားပင် ဖြစ်တော့သည်။

တရုတ်နိုင်ငံသည် အမေရိကန်ပိတ်ဆို့မှုကြောင့် ၇ နာနိုမီတာအောက် နည်းပညာများ မတင်သွင်းနိုင်တော့။ ပြည်တွင်းတွင် ဟွာဝေးသည် ၂၀၂၃ ခုနှစ်အတွင်း ၇ နာနိုမီတာ နည်းပညာအထိ ကိုယ်တိုင်လုပ်နိုင်နေပြီဖြစ်သည်။ ပြည်တွင်းဈေးကွက် ကြီးမားမှုနှင့် ပြည်ပထိုးဖောက်နိုင်စွမ်းများကြောင့် ဈေးကွက်တွင် နေရာကြီးကြီးမားမား ရထားသည်။ နည်းပညာအားဖြင့်တော့ နောက်ကျကျန်နေဆဲဖြစ်သည်။ ယင်းမှာ နည်းပညာထိပ်ဆုံးရောက်နေသော ထိုင်ဝမ်အတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာသည်။ ထိုခြိမ်းခြောက်မှုများကြောင့် အမေရိကန်ပြည်ထောင်စုက ထိုင်ဝမ်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ကို နည်းပညာမဟာဗျူဟာဖိတ်ဖက်အဖြစ် သတ်မှတ်ပြီး ထိုလုပ်ငန်းများအားလုံး အမေရိကန်ပြည်ထောင်စုအတွင်း အခြေလာချရန်အထိ ကြိုးစားနေရပြီဖြစ်သည်။ အမေရိကန်နည်းတူ ဥရောပသည်လည်း ၂၀၂၂ ခုနှစ်တွင် ချစ်ပ်အက်ဥပဒေကို ထုတ်ပြန်သည်။ သို့သော် နည်းပညာအားဖြင့် နောက်ကျနေပြီဖြစ်သည်။

အချုပ်ပြောရလျှင် အထွေထွေသုံး နည်းပညာတစ်ရပ်ဖြစ်သော မိုက်ခရိုပရိုဆက်ဆာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုကို ရှေ့တန်းလေးခုတွင် တွေ့မြင်ရသည်။ တစ်ဦးတစ်ယောက်ချင်းစီအားဖြင့် အေအိုင်အထောက်အပံ့များ ရလာသည်ဟု မြင်ရသည့်တိုင် ကော်ပိုရေးရှင်းကြီးများအပေါ် အမှီအခိုပြုရသည့်အနေအထားဖြစ်သွားသည်။ အင်တဲလ်နှင့် ပီစီထုတ်လုပ်ရေးလိုမျိုး ထုံးတမ်းစဉ်လာလုပ်ငန်းကြီးများ ပါဝါဆုံးရှုံးသွားပြီး အေအိုင်နည်းပညာနှင့်ပတ်သက်သည့် မိုဘိုင်းလုပ်ငန်းများ ရှေ့ရောက်လာသည်။ ကော်လာဖြူလုပ်သားတို့ အလုပ်အကိုင်ဆုံးရှုံးနိုင်သည့် အန္တရာယ်ရှိလာပြီး အေအိုင်နှင့်ပတ်သက်သည့် အလုပ်များ ခေတ်ကောင်းလာသည်။ တိုင်းပြည်နိုင်ငံတို့သည် နည်းပညာကို မူတည်သည့် ပထဝီနိုင်ငံရေးအားပြိုင်မှုကို မြင်သာထင်သာပင် လုပ်လာကြရသည်ဖြစ်ရာ ယခု နောက်ဆုံးငါးနှစ်အတွင်း ချစ်ပ်များသည် နည်းပညာသက်သက်မဟုတ်တော့ဘဲ စီးပွားရေးနှင့် နိုင်ငံရေးပါဝါအတွက် လက်နက်တစ်ခုအထိ ဖြစ်လာပြီဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4

**Unit 4 Happy days in my life.**

**Lesson 1 Her birthday is on …**

**I. (A) Complete the sentences by choosing the correct words given below.**

| | | | |
|---|---|---|---|
| July | March | eleventh | fifth |
| month | first | second | June |
| eighth | October | twelfth | September |

1. December is the ____________ month of the year.
2. ____________ is the tenth month of the year.
3. August is the ____________ month of the year.
4. ____________ is the sixth month of the year.
5. ____________ is the ninth month of the year.
6. February is the ____________ month of the year.
7. January is the ____________ month of the year.
8. April is the fourth ____________ of the year.
9. November is the ____________ month of the year.
10. ____________ is the seventh month of the year.
11. May is the ____________ month of the year.
12. ____________ is the third month of the year.

**I.(B) Fill in the blanks with the missing words. The first letters are given to help you.**

1. The r_________ season is from late May to October.
2. The c_________ season is from November to February.
3. U Zar Ni is a d_________. He works at a hospital.
4. His b_______ is on 25th of June. He has a party on that day.
5. The sun is shining. You can't find even a cloud in the s_________.

**II. Fill in the blanks with the correct form of the words given in the brackets.**

1. (He) U Ba Thaung is a bus driver. _________ son is an engineer.
2. (She) This is Daw Nilar. _________ is a nurse.
3. (teach) Who is a _________?
4. (sing) This is Arkar. He is a _________.
5. (beauty) Look up in the sky. It is a _________ rainbow.

**III. Fill in the blanks with the correct form of the verbs given in the brackets.**

1. (watch) I like _____________ the sunset.
2. (do) What are you _____________ at the weekend?
3. (be) Her birthday _____________ on the 11th of July.
4. (blow) My umbrella _____________ away because it was very windy.
5. (work) My computer isn't _____________. It's crashed again. Can you have a look at it?

**IV. Rearrange the sentences in correct order.**

1. is / doctor/ my/ sister/ a/./
2. is/fun/swimming/./
3. my/mother/teacher/a/is/./
4. of January/his birthday/ on the 20th / is/./
5. there/ a year/ are/ . / twelve months/ in/

Answers:

Unit 4 Happy days in my life.

Lesson 1 Her birthday is on …

I.A. 1. twelfth 2. October 3. eighth 4. June, 5. September 6. second 7. first 8. month 9. eleventh 10. July 11. fifth 12. March

I.B. 1. rainy 2. cold 3. doctor 4. birthday 5. sky

II. 1. His 2. She 3. teacher 4. singer 5. beautiful

III. 1. watching 2. doing 3. is 4. blew 5. working

IV. 1. My sister is a doctor.2. Swimming is fun.3. My mother is a teacher. 4. His birthday is on the 20th of January. 5. There are twelve months in a year.

**********************

## Grade 5

**Unit 4 Signs, instructions and rules**

**Lesson 1: Signs and instructions**

**Reading**

**II. (A) Look at the picture and write True or False to answer the given words.**

(1)  No pets (1) ________________

(2) 

No littering (2) ________________

(3)  No smoking (3) ________________

(4)  No running (4) ________________

(5)  No food or drink (5)________________

**(B) Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| out | there | sign | another | important |
| say | safe | clean | allowed | also |

**Myo Myo:** Hi, Aye Aye! What does that sign _____(1)_____?

**Aye:** It says "Do not enter."

**Myo Myo:** Oh, we can't go _____(2)_____, right?

**Aye Aye:** Yes, it's not _____(3)_____.

**Myo Myo:** Look! That _____(4)_____ says "No littering."

**Aye Aye:** We must keep the place _____(5)_____.

**Myo Myo:** I see _____(6)_____ sign—"Turn off your phone."

**Aye Aye:** That means no phones _____(7)_____ here.

**Myo Myo:** There's _____(8)_____ a green sign that says "Exit."

**Aye Aye:** That shows the way _____(9)_____.

**Myo Myo:** Signs help us know what to do.

**Aye Aye:** Yes, they give us _____(10)_____ instructions.

**(C) (1) Read the passage and answer the questions.**

My classroom is big and clean. There are 30 students in my class. We have a whiteboard at the front. There are many desks and chairs. We also have colorful charts on the walls. Our teacher is kind and helpful. We learn English, Math, and Science here. There is a bookshelf in the corner. We keep our books and bags neatly. Sometimes we work in groups. I like reading and writing in class. I love my classroom very much.

1. How many students are there in your class?
2. What subjects do you learn in your classroom?
3. Who is your teacher?
4. What is in the corner of the classroom?
5. What do you like doing in class?

**Writing**

**III.(A)Fill in the blanks with a suitable word form.**

(1) (swim) ___________ is a good exercise.
(2) (swim) He is a fast ___________.
(3) (talk) _________ quietly is polite.
(4) (smoke) My uncle is a heavy _________. He smokes a lot.
(5) (listen) She is a good ___________.
(6) (noise) The street outside is very __________.
(7) (soft) Please speak _________ in the library.
(8) (you) Is this __________ book?
(9) (danger) Fire is ___________ if you don't be careful.
(10) (write) I want to be a good __________ one day.

**(B) Supply the correct form of the verb given the brackets.**

(1) (raise) The students __________ their hands to answer the question.
(2) (start) The lesson __________ at 8:30 a.m. this morning.
(3) (share) We usually __________ our toys in the afternoon.
(4) (switch) She __________ off the light before sleeping.
(5) (draw) The child __________ a cat in art class last week.

**(C) Rearrange the following words in the correct order to make a sentence.**

(1) must / hands / You / wash / . / before / eating / your
(2) school / to / We / go / . / must / on / time
(3) talk / in / mustn't / class / . / We
(4) yesterday / saw / I / a / . / movie
(5) must / help / We / each / . / other

Answers

Unit 4 Signs, instructions and rules

Reading II.(A) 1. False 2. True 3. True 4. False 5. False

(B) 1. say 2. there 3. safe 4. sign 5. clean 6. another 7. allowed 8. also 9. out 10. important

(C) 1. Read the passage. (1) There are 30 students in my class. (2) We learn English, Math, and Science. (3) Our teacher is kind and helpful. (4) There is a bookshelf in the corner. (5) I like reading and writing in class.

Writing

III.(A) 1. Swimming 2. swimmer 3. Talking 4. smoker 5. listener 6. noisy 7. softly 8. your 9. Dangerous 10. writer

(B) 1. raised 2. started 3. share 4. switched 5. drew

(C) 1. You must wash your hands before eating. 2. We must go to school on time. 3. We mustn't talk in class. 4. I saw a movie yesterday. 5. We must help each other.

*****************

## Grade 6

**Unit 4**

**Lesson 1: Talking about your family and free time**

**Vocabulary**

**(A) Complete each sentence with the most suitable word. The first letter of each word is given to help you.**

1. Can you introduce me to the other members of your f_______?
2. She does her hobby whenever she is f ________.
3. He likes going up mountains so going c_____is her hobby.
4. She has a black belt not in karate but in j_____.
5. Y _______ is a system of exercises for our body and for controlling our breathing.
6. As he sang, he strummed his g_______.
7. You can play the d______ by hitting it with sticks or with your hands.
8. My mother often does a_______. This physical exercise makes the heart and lungs stronger.
9. A p________ is one kind of string instrument.
10. We need a f______ license to fish in a lake.

**Reading**

**Read the paragraph and answer the questions that follow.**

The cat family includes the domestic cats, lions, tigers, leopards, jaguars and wildcats. All these animals eat meat and they are very good hunters. They can see well in dim light and are able to move very quickly. In hunting they usually creep along close to the ground until they are near their prey and then they pounce. Rarely do they miss. All the cats can climb trees and rocks and they have nails on their paws. They will swim if they have to, but they do not always like the water. The young of the wild cats are called cubs while those of the domestic cats are called kittens.

1.What animals does the cat family include?
2. What kind of animals they are?
3. What can all the cats do?
4. What do they have on their paws?
5. What are the young of the wild cats called?

**Grammar**

**(A) Choose the correct words: go / do / play.**

1. My brother __________(do / go / play) football every Saturday.
2. We _____________ (do / go / play) jogging in the evening.
3. She _____________ (do / go / play) chess with her father.
4. I usually __________(do / go / play) the laundry on weekends.
5. They ___________ (do / go / play) basketball after school.

စာမျက်နှာ ၂၂ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 7

Unit 4

Lesson 1: Travel and transport

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We went to the island on a f_________.
2. I like traveling by t__________.
3. The city has good public t_________.
4. It's cheaper to go by c________ than by plane.
5. The j____________ to the village took three hours.
6. T__________ moves slowly during rush hour.
7. We went s__________ around the city.
8. The beach was full of t_________.
9. Tourists love visiting the golden p_________.
10. The c_________ has many tall buildings.

**II. Supply the correct form of the words given in brackets.**

1. (good) This book is ___________ than the last one.
2. (interest) The movie was very __________.
3. (interest) She is ____________ in history.
4. (interest) I have a strong ___________ in science.
5. (difficult) He had ___________ solving the math problem.
6. (difficult) That was the ___________ question on the test.
7. (foot) The baby has small __________.
8. (great) This river is __________than the one near our town.
9. (much) We need ___________ time to finish the work.
10. (many) There are ___________ students in the new class.

**III. Supply the correct form of the verbs given in brackets.**

1. (rain) It often __________ in June.
2. (spend) We __________ a lot of money on our holiday last year.
3. (play) They __________ football in the park now.
4. (come) He __________ to the party late last night.
5. (take) She __________ her umbrella to school yesterday.
6. (get) I __________ a nice gift from my friend.
7. (miss) They __________ the bus because they were late.

**IV. Complete the dialogues with the words given below.**

Dialogue (1)

**fast How by comfortable travel**

A: ____(1)_____ do you go to school?

B: I go ____(2)_____ bus. What about you?

A: I usually ride my bicycle.

B: Is it ____(3)_____?

A: Yes, it's very fast and good exercise.

B: I like buses because they are ____(4)_____.

A: That's true! Both are good ways to ____(5)_____.

Dialogue (2)

**drive take minutes traffic problem**

A: Do you drive to work?

B: No, I don't. I _____(1)_____ the train to work.

A: How long does the train ride take?

B: About 30 _____(2)_____ every day.

A: That's not too long. I _____(3)_____ my car to work.

B: Driving can be faster but sometimes there is _____(4)_____.

A: Yes, traffic can be a _____(5)_____ in the city.

Answers:

Unit 4 Lesson 1: Travel and transport

I. 1. ferry 2. train 3. transport 4. coach 5. journey 6. traffic 7. sightseeing 8. tourists 9. pagodas 10. city

II. 1. better 2. interesting 3. interested 4. interest 5. difficulty 6. most difficult 7. feet 8. greater 9. more 10. more

III. 1. rains 2. spent 3. are playing 4. came 5. took 6. got 7. missed

IV. Dialogue (1) 1. How 2. by 3. fast 4. comfortable 5. travel

Dialogue (2) 1. take 2. minutes 3. drive 4. traffic

********************

## Grade 8

Unit 4

Lesson 1: What kind of person you are?

Vocabulary

**(A) Match personality adjectives with their meaning.**

**active charming helpful kind quiet**

**bossy disciplined irresponsible mean sensitive**

1. She is very _____________and cries easily when people shout.
2. It was ____________ of him to forget his little sister at school.
3. Don't be __________. Share your toys with others.
4. My cousin is so __________ that he tells everyone what to do.
5. The shop assistant was very ____________ and showed me the right size.
6. The ________ student always finishes homework on time.
7. He is always ____________ to animals and feeds the stray cats near his house.
8. She gave a ____________ smile that made everyone feel welcome.
9. My brother is very ________and plays football every evening.
10. The library is a ________ place where people read and study.

**(B) Fill each blank with the appropriate word. The initial letters are given to help you.**

1. She is very s______ to the other people's feelings.
2. He is always m_______ with money. He is not willing to give to things or money.
3. His grandpa is very old, but he is very a_______ to do something.
4. Our football team is very d_______. All the players obey the rules and orders instructed by the coach.
5. It was really k______ of you to help me.

**(C) Supply the correct form of the words given in brackets.**

1. (active) Disciplinary ______ will be taken against students who cheat.
2. (helpful) Do you need any _________ with that?
3. (kind) I will never forget your ______ to me.
4. (quiet) Be _______! The baby is sleeping in the cradle now.
5. (charming) U Tun Tun is a man of _______. He has the power of pleasing or attracting people.

**(D) Supply the correct form of the words given in brackets.**

1. (act) She _______________ the role of Juliet in the film at present.
2. (help) They are trying their best to do a good job and ____________ others.
3. (you, do) ____________ anything tomorrow evening?
4. (behave) I expect you to ________ in a friendly manner toward us.
5. (she, tell) _______ you her name when you met her?

Answers:

Unit 4

Lesson 1: What kind of person you are?

Vocabulary

(A) 1. sensitive 2. irresponsible 3. mean 4. bossy 5. helpful 6. disciplined 7. kind 8. charming 9. active 10. quiet

(B) 1. sensitive 2. mean 3. active 4. disciplined 5. kind (C) 1. action 2. help 3. kindness 4. quiet 5. charm

(D) 1. is acting 2. help 3. Are you doing 4. behave 5. Did she tell

*****************************

## Grade 9

Unit 4 Lesson 1 Feelings!

**I.Fill each blank with the appropriate word. The initial letters are given to help you.**

1. I get s_________ easily when plans change suddenly.
2. After the long hike, we were completely e_________.
3. The teacher was i________ with her hard work.
4. She has been d________ since her pet passed away.
5. She was f_________ when the computer wouldn't work.
6. She is i________ in science and nature.
7. I felt c________ by the complicated instructions.
8. The children grew i_________ while waiting for the bus.
9. He looked d________ after losing the game.
10. The kids were f_______ with the colourful fish.
11. They are d____________ to make their dreams come true.
12. She is very m_________ to improve her skills.
13. A d__________ student always does their homework.

**II.Choose the appropriate words or phrases to complete the sentences.**

1. The teacher gave a (motivating / motivated) _________ speech to the class.
2. She feels (stressed / disciplined) __________ when she has too much homework.
3. The children grew (frustrated / impatient) _________ while waiting in line.
4. He felt (impressed / depressed) _________ after losing his job.
5. The instructions were very (confusing / confused) ________ to read.
6. The kids were (impatient / fascinated) _________ by the magic show.
7. After the race, they were all (exhausting / exhausted) _________.
8. I was (amazing / amazed) _________ by how quickly she learned English.
9. The movie was so (interesting / interested) _________ that I watched it twice.
10. I was (impressed / amazed) _________ by how polite the children were.

**III.Supply the correct form of the words given in brackets.**

1. (achieve) Winning the prize was a big _________ for her.
2. (perform) Her _________ on stage was amazing.
3. (annoy) He showed his _________ by leaving the room.
4. (support) The football team was cheered on by their _________.
5. (feel) I had a strange _________ that something was wrong.
6. (motivate) Good teachers can give students the right _________ to learn.
7. (motivate) They felt _______ to do their best.
8. (stress) He was very _________ before the exam.
9. (listen) He's a good _________ and always pays attention.
10. (fascinate) The kids were ________ by the story.
11. (fascinate) She told us a ________ story about her trip.
12. (compete) They trained hard for the spelling _________.
13. (discipline) A _______student always finishes work on time.
14. (tire) Cleaning the whole house is really _________.
15. (tire) He looks _________ from working too hard.

**IV.Supply the correct form of the verbs given in brackets.**

1. She hopes to __________ (achieve) her goals by the end of this year.
2. I __________ (understand) the lesson when the teacher explained it again.
3. He was __________ (annoy) by the loud noise outside.
4. They always __________ (support) each other during difficult times.
5. She __________ (feel) happy because she passed the exam.
6. The coach __________ (motivate) the team before the match.
7. We __________ (solve) the problem yesterday afternoon.
8. I __________ (watch) that movie three times.
9. He can __________ (listen) to English songs easily.
10. They __________ (talk) about their plans when I arrived.

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၄

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး အတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး များ၊ ဌာနဆိုင်ရာများ၊ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက် အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် ဝင်ရောက် ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ ကစားသမားများ၏ အင်အားစာရင်း၊ စတင်ထွက်ခွာမည့် နေ့ရက်၊ အချိန် နှင့် တည်းခိုနေထိုင်မည့်နေရာတို့ကို သတ်မှတ်ပြီး အမြန်ဆုံးတင်ပြကြရန်နှင့် Joint Training သွားရောက် ယှဉ်ပြိုင်သည့် အားကစားအဖွဲ့များအနေဖြင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး များနှင့် တွဲဖက်အတွင်းရေးမှူးများက အားကစား နည်းအလိုက် သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားများ၏ အင်အားစာရင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲ ကျင်းပမည့်နေ့ရက်၊ တည်းခိုနေထိုင်ရေးနှင့် Joint Training သွားရောက်ရန် ပြင်ဆင်ထားရှိမှု၊ နိုင်ငံခြား နည်းပြ ငှားရမ်းလေ့ကျင့်နေမှု၊ သွားရောက်မည့် ပုဂ္ဂိုလ်များအလိုက် ရရှိမည့်ကတ်အမျိုးအစားဆိုင်ရာ များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **MNL မှ**

နှစ်ပွဲကစားရာတွင် ရာနှုန်းပြည့်နိုင်ပွဲ ရရှိထား ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် နည်းပြသစ် ဦးမင်းထွန်းလင်းလက်ထက်တွင် လည်း ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိ သေးဘဲ ပထမဆုံးပွဲတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရ သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက် လူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ် ထားပြီး နိုင်ငံခြားသားကစားသမား ငါးဦးကို ရဲမင်းသူ၊ လှိုင်းဘိုဘို၊ ရဲရင့်အောင်၊ ခွန်ကျော်ဇင် ဟိန်းတို့နှင့် တွဲဖက်အသုံးပြုခဲ့သလို ရခိုင် ယူနိုက်တက်အသင်းကလည်း ဇော်ဇော်နိုင်၊ ဇင်မင်းထွန်း၊ အောင်နိုင်ဝင်း၊ ချမ်းငြိမ်းကျော် (ဂိုး) တို့ဖြင့် လူစုံခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားသော်လည်း မိနစ် ၃၀ ကျော်မှ ဂိုးစတင် ရရှိပြီး ထောင့်ကန်ဘောမှတစ်ဆင့် မတ်ခ်ဆာ ကီက ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ ပြီး မိနစ် ၆၀ တွင် အသင်းခေါင်းဆောင်နန္ဒကျော် က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ဒုတိယဂိုး၊ မိနစ် ၉၀ တွင် ဂျော်ဒန်ဟာမီတန်က တတိယဂိုးသွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံ စတားယူနိုက်တက်အသင်းက ရောဝတီ ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်း သည် နောက်မှလိုက်ကစားကာ ချေပဂိုးနှင့် အနိုင်ဂိုးပြန်သွင်းပြီး သုံးပွဲဆက်အနိုင်ရလဒ် နှင့်အတူ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေ သည်။ ၂၄ မိနစ်တွင် ဝေယံထွန်းက ရောဝတီ ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသော်လည်း ဒဂုံစတားအသင်းအတွက် ၄၇ မိနစ်တွင် အောင်သီဟက ချေပဂိုးနှင့် ၆၅ မိနစ်တွင် ဆွမ်လမန်က အနိုင်ဂိုးသွင်းယူခဲ့ သည်။

ရာသီဥတုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း လက်ကျန်မိနစ် ၇၀ ကို စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ပြန်လည်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MNL**

❍ **FIFA–MFF မှ**

Kyaung Sayar Thar Htwe အသင်းက Victoria အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး King Cobra အသင်းနှင့် SGF အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ပြိုင်ပွဲအပြီးတွင် Kyaung Sayar Thar Htwe အသင်း က ရမှတ် ၆၄ မှတ်ဖြင့် ချန်ပီယံဆု၊ Pacific Sun Far အသင်းက ၅၄ မှတ်ဖြင့် ဒုတိယ၊ Golden Boys အသင်းက ၄၅ မှတ်ဖြင့် တတိယရရှိပြီး ယင်းသုံးသင်းနောက်တွင် Victoria အသင်းက ၃၇ မှတ်၊ SGF အသင်း နှင့် King Cobra အသင်းက ၃၆ မှတ်စီ၊ Avengers Junior အသင်းက ၂၉ မှတ်၊ Jullniss အသင်းက ၂၅ မှတ်၊ မလိခအသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ကိုးမှတ်၊ TKA Star အသင်းက ခုနစ်မှတ်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ အသန့်ရှင်းဆုံးအသင်းဆုရ မလိခအသင်းက ဆုဖလားနှင့် ဆုကြေးကျပ်သုံးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ပြည့်ဘုန်းဟိန်း (Golden Boys အသင်း)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ဇင်ကိုကို ( Kyaung Sayar Thar Htwe အသင်း) တို့က ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်းစီ၊ စတုတ္ထဆုရရှိသော Victoria အသင်းက ဆုကြေးကျပ် ၁၀ သိန်း၊ တတိယ ဆုရရှိသော Golden Boys အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေး ကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော Pacific Sun Far အသင်းက တစ်ဦး ချင်းဆုတံဆိပ်နှင့် ဆုကြေး ကျပ်သိန်း ၃၀၊ ပထမဆုရရှိသည့် Kyaung Sayar Thar Htwe အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၅၀ နှင့် ချန်ပီယံဆုဖလား ရရှိသည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MFF**

# MNL ယူ–၂၁ လိဂ်တွင် သစ္စာအားမာန်အသင်း ဂိုးပြတ်အနိုင်ရ



သစ္စာအားမာန်အသင်းနှင့် ရာမည‌ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၂၅ MNL ယူ–၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့ကို စက်တင်ဘာ ၁၄ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်း က ရာမညယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲဆက်ခဲ့ပြီး ထိပ်ဆုံး ငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ပိုကောင်းလာသည်။ ရာမည ယူနိုက်တက်အသင်းမှာမူ ဒုတိယအကျော့တွင် ရုန်းကန်နေရပြီး ၁၂ ပွဲ မြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် အိုကေချစ်၊ ၅၉ မိနစ်တွင် ဇင်ဖြိုးပိုင်နှင့် ၈၈ မိနစ်တွင် သူရအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် သစ္စာ အားမာန်အသင်းက ပွဲ ၂၀ ကစား ၃၃ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၁၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၂၀) ဒုတိယနေ့ကို စက်တင်ဘာ ၁၅ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ ကာသိပ္ပံအသင်း၊ သန်လျင်သီဟဒီပကွင်း၌ Falcon အသင်းနှင့် ရန်ကုန် ယူနိုက်တက် အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ Dagon Port အသင်း နှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – မောင်စံကြီး**

**ဓာတ်ပုံ – MNL**




# မြဝတီမြို့၌ အသက် (၁၈) နှစ်အောက်အမျိုးသား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြဝတီ စက်တင်ဘာ ၁၄

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အသက်(၁၈)နှစ်အောက် အမျိုးသား ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ယနေ့နံနက်တွင် မြဝတီမြို့ အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲကိုကျင်းပရာ အထက –၁ (မြဝတီ) ဘောလုံးအသင်း နှင့် အလက (အင်ကြင်းမြိုင်) ဘောလုံးအသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တက်ရောက်လာသူများ က ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် အလက (အင်ကြင်းမြိုင်) ဘောလုံး အသင်းက အထက –၁ (မြဝတီ) ဘောလုံးအသင်းကို ငါးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေး ခဲ့ကြသည့် ဒိုင်အဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာကိုလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆုနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိခဲ့ကြ သည့် ပြိုင်ပွဲဝင်အားကစားသမားများအား လည်ဆွဲဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ကရင်ပြည်နယ် သာသနာ့ နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစောမုတ်သုန်တို့ကလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ခဲ့ကြပြီး ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိ သူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

✪ **ကျောဖုံးမှ**

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၃၂ မိနစ်မှာ ဟူဆန် တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက် လျော့နဲ့ ကစားခဲ့ရတာဖြစ်ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၅၆ မိနစ်မှာ အိုယာဇာဘယ်ရဲ့ ပင်နယ်တီသွင်းဂိုးကို ခွင့်ပြုပေးခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ရီးယဲလ်ဆိုစီဒက်အသင်းကို အနိုင် ရရှိခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ လာလီဂါပွဲစဉ်လေးပွဲကစားပြီး ချိန်မှာ ရမှတ် ၁၂ မှတ်ရရှိခဲ့ပြီး ရာနှုန်းပြည့်နိုင်ပွဲနဲ့အတူ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# မော်လမြိုင်မြို့၌ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၄**

မွန်ပြည်နယ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ အခမ်းအနားကို "ရွှေ့သို့စုံညီ အောင်ပွဲဆီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသည့် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ ၁၅-၂၀ အဆင့်နှင့် အခြေခံပညာ ၁၀-၁၅ အဆင့် အနုပညာရှင် သားငယ် သမီးငယ်များအား ဆုချီးမြှင့်သည့် အခမ်းအနားဖြစ်ပြီး ပထမဆုရရှိသည့်သူများသည် ပြည်နယ်ကိုယ်စားပြု ဗဟိုအဆင့်ပြိုင်ပွဲကို တက်လှမ်းယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်းနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်မည့်သူများ ဖြစ်ကြစေရန် ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား အမျိုးသမီး မဟာဂီတ၊ အခြေခံပညာ အသက် (၁၀ နှစ်မှ – ၁၅ နှစ်) နှင့် (၁၅ နှစ်မှ – ၂၀ နှစ်) အဆိုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အခြေခံပညာ အသက် (၁၀ နှစ်မှ – ၁၅ နှစ်) အမျိုးသား အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် တေးသီချင်းများ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

■

# လပွတ္တာခရိုင်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**လပွတ္တာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် သုံးမိုင် ကုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၈ နာရီခွဲက လပွတ္တာခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့် ဦးစီး၍ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ အိမ်ထောင်သည်မိသားစုဝင် ရဲမေများက စုပေါင်းသွေးလှူဒါန်းကြသည်။



စုပေါင်းသွေးလှူဒါန်းရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်ဇင်ငြိမ်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေါပုံမြို့နယ် ယာယီရဲမှူး သိန်းဇော်လှိုင်၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၂၅ ဦးတို့က စက်တင်ဘာ ၁၄ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ချစ်စုဝေ(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့မြန်မာစံတော်ချိန် ၂၁ နာရီ ၂၆ မိနစ်၊ ၄၆ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဆောမြို့၏ တောင်-အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၈၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၇ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ



ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုကိုသည် စက်တင်ဘာ ၁၄ ရက်တွင် သပြေစိန်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ဆေးစတိုခန်း၌ ဆေးဝါးများထားရှိသုံးစွဲမှုအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး ရဲသူရဝဏ္ဏစိုးအောင် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန့်ဇင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက်တွင် ရပ်ကွက်ကြီး (၁)ရှိ သမိုင်းဝင်မဟာရွှေမြင်တင် ဘုရားအတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က ကန်ကြီးထောင့်မြို့နယ် လောကမှန်ကူသိဒ္ဓိရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှမြင့်၏ ဦးဆောင်မှုဖြင့် အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၃၅ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၂၀ တို့က လောကမှန်ကူသိဒ္ဓိရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် (၁၀) တောင်ရပ်ကွက် သန်လျင်တံတားချဉ်းကပ်လမ်းရှိ ၁၀၈ တောင်စေတီတော်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော်၏ကြီးကြပ်မှုဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်၌ ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဘုန်းကျော်၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၄ ရက်က အမှတ်(၃) ရပ်ကွက်ရှိ အမှတ် (၁၀) အခြေခံပညာမူလတန်းကျောင်းဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဟန်စုယဉ်

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ




မကွေး စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မကွေးခရိုင် ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားရေးအတွက် စက်တင်ဘာ ၁၂ ရက်က မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာဓမ္မာရုံ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ တောင်သူ စိုက်ပျိုးနည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဖိုလေးလုံးကျေးရွာနှင့် အုပ်စုအတွင်း ကျေးရွာများမှ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေ(ဆည်ရေ) ရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်ကုန်ထုတ်လမ်းများ တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးရေ(ဆည်ရေ)ရရှိရန် ခက်ခဲသောဒေသများ၌ မြေအောက်ရေတွင်းကို ဆိုလာစနစ် တပ်ဆင်အသုံးပြုဆောင်ရွက်ပေးနိုင်ရေး စသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ညီညာ

# ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပ



ကျောက်တန်း စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျောက်တန်းမြို့ ( မြို့မ) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင် ဦးခိုင်ထွန်းဆွေက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောရွှေကျော်က အခွန်ထမ်းပြည်သူများအနေဖြင့် ပြဋ္ဌာန်းထားသည့်တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ သိရှိပြီး ပေးဆောင်ရမည့် အခွန်များကို ကြည်ဖြူစွာပေးဆောင်ရန်နှင့် အခွန်ဆိုင်ရာဗဟုသုတများ သိရှိလာစေရန်အတွက် ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများ တက်ရောက်ကြပြီး သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သန့်ဇင်ထွန်း(ကျောက်တန်း)

# ကလေးများအတွက် သတိပြုရမည့် အင်တာနက်စွဲလမ်းမှု

စိုးသူရ



ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ရာ ကလေးများဖုန်းမှတစ်ဆင့် အင်တာနက်သုံးစွဲမှု ခေတ်စားလာသည်ကိုတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဖုန်းမှတစ်ဆင့် ဆိုရှယ်မီဒီယာများသို့ဝင်ရောက်ပြီး ဆိုရှယ်မီဒီယာသုံးစွဲသူ ကလေးများ များပြားလာသည်ကို မျက်မြင်တွေ့ရှိနေရသည်။ မိသားစုအတွင်း ဖုန်းသုံးစွဲမှုများပြားသည်နှင့်အမျှ ဆိုရှယ်မီဒီယာများဖြစ်သည့် YouTube၊ Facebook နှင့် Messenger အက်ပလီကေးရှင်းများမှာ ကလေးများနှင့်ရင်းနှီးလာရသည်။ ဖုန်းအသုံးပြုပြီး အင်တာနက်ကွန်ရက်များမှ ဗဟုသုတနှင့် အသိပညာများရရှိသည့် အကျိုးကျေးဇူးများရှိသော်လည်း အင်တာနက်ကို အလွန်အကျွံသုံးစွဲမှုကြောင့် အင်တာနက်စွဲလမ်းသည့် ပြဿနာများဖြစ်လာသည်ကိုလည်း တွေ့ရှိရသည်။

ဖုန်းမှတစ်ဆင့် အင်တာနက်အချိန်ကြာမြင့်စွာ သုံးစွဲသည့်ကလေးများတွင် အင်တာနက်မှ သွေးဆောင်သူများ၏ ဆွဲဆောင်ခြင်းကြောင့် လောင်းကစားအပါအဝင် ဆုတ်ယုတ်စေသည့်လမ်းသို့ဦးတည်စေနိုင်သည့်အပြင် ကျန်းမာရေးထိခိုက်စေနိုင်သည့် ဆုတ်ယုတ်မှုများဖြစ်လာကြောင်း သာဓကများတွေ့ရှိနေရသည်။ ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့် နှစ်များအတွင်းက ဖုန်းအလွန်အကျွံသုံးစွဲရာမှ ဖုန်းဂိမ်းများကို စွဲလမ်းခဲ့ပြီး ဂိမ်းကစားနည်းအတိုင်း ကလေးတစ်ဦးက သေနတ်ဖြင့် တိုက်ခိုက်ခဲ့ရာမှ သေဆုံးမှုများဖြစ်ပွားခဲ့သည်။ ယနေ့ခေတ်တွင် နည်းပညာလုပ်ငန်းများကလည်း တိုက်ခိုက်သည့်ဂိမ်းများကို အက်ပလီကေးရှင်းများ တီထွင်၍ ရောင်းချလျက်ရှိရာ ၎င်းကို စည်းမျဉ်းများဖြင့် ထိန်းသိမ်းရန်လိုအပ်သည်။ ထို့ပြင် ကလေးများအတွက် အင်တာနက်မှတစ်ဆင့် လောင်းကစားပြုလုပ်ခြင်းကို တားမြစ်ရန်လည်းလိုအပ်သည်။ ယခုခေတ်တွင် အင်တာနက်မှတစ်ဆင့် လောင်းကစားဂိမ်းများကို ဆွဲဆောင်နေကြရာ လူငယ်များသည် သွေးဆောင်မှုနောက်လိုက်ကာ လောင်းကစားဂိမ်းများ ကစားခြင်းကြောင့် လောင်းကစားခြင်းကိုစွဲလမ်း၍ ဘဝထိခိုက်စေသည့် အကျိုးဆက်များရှိမည်ဖြစ်သည်။ ယခုနှစ်ဇူလိုင်လတွင် အမေရိကန်နည်းပညာလုပ်ငန်းတစ်ခုက ကလေးများအား ဆိုရှယ်မီဒီယာကြည့်ရှုခွင့် ပိတ်ပင်ထားပြီး နေ့စဉ်လူမှုဘဝလုပ်ငန်းများဖြစ်သည့် ပညာသင်ကြားရေး၊ မိုးလေဝသဆိုင်ရာ အချက်အလက်၊ ဘဏ်ဆိုင်ရာ အချက်အလက်နှင့် သယ်ယူပို့ဆောင်ရေး အချက်အလက်များကိုရယူကြည့်ရှုနိုင်သည့်ဖုန်းကို တီထွင်ခဲ့သည်။ ဩစတြေးလျနိုင်ငံ၌ ယခုနှစ်ဒီဇင်ဘာလတွင် စတင်အသက်ဝင်လာမည့် အသက် ၁၆ နှစ်အောက်ရှိသူများအား မီဒီယာသုံးစွဲခွင့်ပိတ်ပင်သည့်ဥပဒေသည် ကလေးများအား အင်တာနက်အလွန်အကျွံသုံးစွဲခြင်းမှ ကယ်တင်သည့် စည်းမျဉ်းအဖြစ် ကမ္ဘာ့နိုင်ငံများက ရှုမြင်လာကာ ၎င်းစည်းမျဉ်းကို အတုယူ၍ နိုင်ငံအသီးသီးတွင် စည်းမျဉ်းများဆောင်ရွက်လာသည်။ ကလေးများသည် ယခုခေတ်တွင် ဆိုရှယ်မီဒီယာအကောင့်ဖွင့်ရန်အတွက် လွယ်ကူသောကြောင့်သာ အင်တာနက်ပေါ်မှ အတုမယူသင့်သည့် အကြောင်းအရာများကို အတုယူနေကြကြောင်းနှင့် ၎င်းအချက်ကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။ ကလေးများအား အင်တာနက်အလွန်အကျွံသုံးစွဲခြင်းကို ထိန်းသိမ်းရေးအတွက် မိဘများက အောက်ပါအချက်များဖြင့် ဆောင်ရွက်ရမည်ဟု ကျွမ်းကျင်သူများက အကြံပေးပြောကြားသည်။ ကလေးများအား အင်တာနက်သုံးစွဲသည့်အချိန်ကန့်သတ်ခြင်းအပြင် အွန်လိုင်းအနိုင်ကျင့်မှုမခံရစေရေးအတွက် မိဘများက ဗဟုသုတမျှဝေခြင်းကို ဆောင်ရွက်ရမည်။

ကလေးများအား အကြမ်းဖက်မှုများပါဝင်သည့် ဂိမ်းများအပါအဝင် အင်တာနက်ပေါ်တွင် မကြည့်ရှုသင့်သည့်အကြောင်းအရာများကို ဝင်ရောက်ကြည့်ရှုခွင့်ပိတ်ပင်ခြင်းဖြင့် အသိပညာပေးရန်ဆောင်ရွက်ရမည်ဟု ကျွမ်းကျင်သူများက အကြံပြုပြောကြားသည်။

ကမ္ဘာပေါ်ရှိ နည်းပညာလုပ်ငန်းဖြစ်သည့် Google ကလည်း အင်တာနက်တွင် ဗဟုသုတများရယူရေးအတွက် YouTube Kid ကဲ့သို့သော အက်ပလီကေးရှင်းများကိုဖန်တီး၍ ဆောင်ရွက်နေသည်။ ၎င်းအက်ပလီကေးရှင်းတွင် ကလေးများအား ဗဟုသုတရစေသည့် အကြောင်းအရာများကို ထည့်သွင်းထားသည်။

အင်တာနက်သုံးစွဲမှု လျှော့ချခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

အင်တာနက်သုံးစွဲမှုများပြားလာသည့်အချိန်တွင် ကိုယ်လက်လှုပ်ရှားမှုများ မဆောင်ရွက်နိုင်သဖြင့် အင်တာနက်သုံးစွဲမှုလျှော့ပြီး လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကျန်းမာစေသည်။

အင်တာနက်အချိန်ကြာမြင့်စွာ သုံးစွဲခြင်းဖြင့် အိပ်ချိန်ကို ထိခိုက်စေကာ ကျန်းမာရေးချို့ယွင်းစေသဖြင့် အင်တာနက်သုံးစွဲချိန်ကို လျှော့ချကာ အိပ်ချိန်တွင် အချိန်မှန်အိပ်ခြင်းဖြင့်ကျန်းမာရေးကောင်းသည့် အကျိုးကျေးဇူးများရရှိစေသည်။

စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ ပန်းခြံသို့သွားရောက်ခြင်း စသည့်နည်းလမ်းများဖြင့် အင်တာနက်သုံးစွဲခြင်းကို လျှော့ချရမည်ဖြစ်သည်။

အင်တာနက်အလွန်အကျွံ သုံးစွဲခြင်းသည် ဆိုးကျိုးများသာဖြစ်စေသဖြင့် ကလေးများအား အင်တာနက်ပေါ်မှဗဟုသုတဖြစ်စေသည့်အကြောင်းအရာများကို လေ့လာရေးအတွက် မိဘအုပ်ထိန်းသူများကဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးများအား အင်တာနက်မှ ဗဟုသုတရရှိစေသည့် အကြောင်းအရာများကို လေ့လာစေခြင်းဖြင့် အနာဂတ်တွင် ထူးချွန်သည့် လူငယ်များမွေးထုတ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

**ကိုးကား – Properly manage children use of Internet GNLM**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 57(T)/DPTSC (PSD)/25-26 | ပင်မဓာတ်အားခွဲရုံများအတွက်လိုအပ်သော 230 kV Gas Circuit Breaker (6)Sets ဝယ်ယူခြင်း။ |
| ခ | 58(T)/DPTSC (PSD)/25-26 | ပင်မဓာတ်အားခွဲရုံများအတွက်လိုအပ်သော 33kV Gas Circuit Breaker (2)Sets ဝယ်ယူခြင်း။ |
| ဂ | 59(T)/DPTSC (PSD)/25-26 | ပင်မဓာတ်အားခွဲရုံများအတွက်လိုအပ်သော 230kV, 25MVar Shunt Capacitor (1) Set ဝယ်ယူခြင်း။ |
| ဃ | 60(T)/DPTSC (PSD)/25-26 | ပင်မဓာတ်အားခွဲရုံများအတွက်လိုအပ်သော Power Transformer Components များ ဝယ်ယူခြင်း။ |
| င | 61(T)/DPTSC (PSD)/25-26 | ပင်မဓာတ်အားခွဲရုံကြီးများတွင် Substation Automation System အတွက် လိုအပ်သော Human-Machine Interface (HMI) များ ဝယ်ယူခြင်း။ |
| စ | 62(T)/DPTSC (PSD)/25-26 | Galvanized Steel Tower များဝယ်ယူခြင်း။ |
| ဆ | 63(T)/DPTSC (PTP)/25-26 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်း ညွှန်ကြားရေးမှူးရုံးများနှင့် စီမံကိန်း မန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ(ပရီမီယမ်) (၂၄,၅၀၀) ဂါလန် ဝယ်ယူခြင်း။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၉-၉-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံး ထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်-၃၄၈-ဃ/၃၄Aလမ်း၊ ၅၈ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်စိုးနိုင်[၉/ခအဇ(နိုင်)၀၁၂၃၁၁]က ဘဏ်တင်ရန် မြေပုံမြေရာဇဝင်ရေးကူးခဲ့သော်လည်း ချေးငွေလျှောက်ထားခဲ့ခြင်းမရှိဘဲ ရေးကူးထားသော မြေပုံမြေရာဇဝင်မှာ ပျောက်ဆုံးပျက်စီးသွားခဲ့ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ဘဏ်တင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၁၉၈၃)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးအောင်ရွှေ/ဒေါ်ဝါဝါသင်းနု (ဘ)ဦးတင်နု[၁၂/သလန(နိုင်)၁၀၃၉၉၂]အမည်ဖြင့် ချထားပေးသော မြေဧရိယာ(၄၀x၆၀)ပေရှိ မြေထဲမှ(ခေါင်းရင်းဘက်ခြမ်းရှိ) မြေအကျယ်(၂၀x၆၀)ပေရှိ(ပါမစ်)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးကျော်ရွှေ(ဘ)ဦးချို[၁၂/ကတန(နိုင်)၀၇၃၆၅၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်စိုး(ဘ)ဦးစိုးမြင့်[၁၂/သလန(နိုင်)၁၀၂၆၇၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော(ပါမစ်)စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆိုကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။





## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၀)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၄၆၇)၊ ပေ(၄၀x၆၀)ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဒေါ်မေရီမြ၏ အမွေဆက်ခံသူဒေါ်သန်းသန်းအေး(C/RGN-001471)ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းအေး ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဌာနဆိုင်ရာများတွင်အမည်ပြောင်းခြင်း၊ မြေနှင့်ပတ်သက်ပြီး လျှောက်ထားမှု တစ်စုံတစ်ရာဆောင်ရွက်ခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်သည်ကို သိရှိပါကဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,I.D.C.S,EDFM**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၆၀/၁)၊ အကျယ်အဝန်း(၁၁၅၀'/၁၁၈၅'x၆၆၀'/၆၆၅')၊ (၇၇၃၄၆၈)စတုရန်းပေ၊ ဧရိယာ(၁၇.၇၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးဝင်းသောင်း**[၈/မထန(နိုင်)၀၁၀၄၉၀]အမည်ပေါက်တည်ရှိပြီး အမည်ပေါက် ဦးဝင်းသောင်းကိုယ်တိုင်မှ မိမိ၏သားအရင်းတော်စပ်သူ **ဦးစိုးပိုင်**[၈/မထန(နိုင်)၀၀၀၆၇၂]အား ဖခင်၏မေတ္တာစေတနာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းအား ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းသောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းအများ သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်(၁၃)၊ မြေကွက်အမှတ်(၆၃၈)၊ ဦးသိန်းဟံ(CE.079979)ဂရ(၄၅/ဆမ)၊ နှစ်(၆၀)ဂရန်အမည်ပေါက်(၄၀x၆၀)ပေ၊ မြေကွက်မှတရားဝင် မခွဲစိတ်သေးသော (၂၀x၆၀)ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းတို့သာလျှင် လက်ဝယ်၊ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ် စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးသိန်းဌေး၊ ဒေါ်စန်းစန်းမိုးတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဝင်းရွှေ[၉/လမန(နိုင်)၁၆၁၅၂၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ဝင်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ အမှတ် (၈၄)၊ ၄လွှာ(ခြေရင်းခန်း)၊ ဗဟိုလမ်း၊ (၁၈'x၆၀')ဧရိယာရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ကြူကြူ [၁/ကမန(နိုင်)၀၂၁၅၇၉]နှင့် ဒေါ်သဇင်လှိုင်[၁၂/သကတ(နိုင်)၁၄၉၂၇၈]တို့မှ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံ လက်ရောက်ပြန်လည် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေမှ အထက်ဖော်ပြပါတိုက်ခန်း၏ ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ရောင်းချသူထံသို့ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ အထက်ဖော်ပြပါတိုက်ခန်း၏ ပိုင်ဆိုင်မှုမူရင်းများနှင့်တကွ လာရောက်ပြသ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက် ကျော်လွန်ပါက ကျန်ရောင်းဖိုးငွေပေးအပ်ပြီး အထက်ဖော်ပြပါတိုက်ခန်းနှင့်တကွ မူရင်းစာရွက်စာတမ်းများအား လက်ခံဆောင်ရွက်သွားပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၅၄၁၇၀၆၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၄)၊ လူနေရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၁၀၁/က)၊ ချယ်ရီလမ်းဟုခေါ်တွင်သော ပေအကျယ်(၂၀x၆၀)ပေ၊ ဒေါ်ပြုံး ပါမစ်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်မြတ်သောင်းငွေ[၅/ရဥန(နိုင်)၀၇၁၈၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းမင်းညီ[၉/မထလ(နိုင်)၂၅၁၇၄၉]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား(ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၀၉**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ အာသာဝတီလမ်း၊ မြေကွက်အမှတ်(၁၄၁၄/က)၊ အကျယ်အဝန်း(၂၀'x၆၀')ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးကျော်စွာဝင်း [၁၂/ဗဟန(နိုင်)၁၈၀၇၈၃]**အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက် ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ဒေါ်သင်းသင်းမာ[၁၂/ဒဂတ(နိုင်)၀၆၅၁၄၅]**က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၁၁၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်(ဓာတ်လှေကားပါ)အနက်မှ (၆)လွှာတိုက်ကို မျက်နှာမူလျှင် (ဘယ်+ညာ) အကျယ်အဝန်း(၁၅ပေx၅၀ပေ)ပေခန့်စီရှိ Miniကွန်ဒိုတိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မာလာသန်း[၁၂/တမန(နိုင်)၁၁၉၄၂၂]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှမြင့်[၁၀/မလမ(နိုင်)၁၆၀၆၈၂]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | | |
|---|---|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်-၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၈)၊ မြေညီ၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၅၀၈၈၆၀၅၊ ၀၉ ၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၊ မြေကွက်အမှတ်- ၄၀၊ ဧရိယာ- ၀. ၀၅၅ ဧက ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၃) ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်- ၄၀ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းအေးဆွေ (၁၃/တကန (နိုင်) ၀၈၅၉၄၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)

အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ အထက (ပါလှဲ့အောက်စု) ကျောင်း G-12 မှ မဇင်သော်တာလှိုင် နှင့် G-7 မှ မောင်အာကာမျိုးမြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်မြင့်[၁၄/ညတန(နိုင်)၀၄၃၁၃၇] ဖြစ်ပါကြောင်း။ **ဦးမြင့်မြင့်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၁၄-က)၊ ဦးပိုင်အမှတ်(၁-ည/၄)၊ ၆၀x၆၂လမ်းကြား၊ ၂၅x၂၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်သန်း[၁၂/ဒဂန(နိုင်)၀၂၂၉၄၀]၊ ဒေါ်လှမြင့်[၉/မရမ(နိုင်)၀၇၈၉၁၈]၊ ဒေါ်လှလှမြိုင်[၉/မရမ(နိုင်)၀၄၅၁၃၈]၊ ဦးကျော်စိန်[၁၂/ဒဂန(နိုင်)၀၂၇၃၆၉]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၆၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရင်(ခ)သန်းသန်းအေး[၁/မကန(နိုင်)၀၈၃၂၁၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၉၅၀)၊ (ဦးစိုးမြင့် အမည်ပေါက် ဂရန်မြေကွက်) (၄၁'x၆၀')ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရ သေးသော အကျယ်အဝန်း(၂၁'x၆၀')(မူရင်းခြမ်း)၊ မြေကွက်၏ ရှေ့တည့်တည့်မှ မျက်နှာမူလျှင်(ဝဲဘက်)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်မှ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိထား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးညီညီစိုး[၅/ကလန(နိုင်)၀၆၇၅၁၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေး ကတိစာချုပ်ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာစောလွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဇင်နှင်းဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၄၉၉)**
**အမှတ်(၅)၊ မြေညီ(A)၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-788236147, 09-421097832**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း(အရပ်အခေါ် ပျဉ်းမမြိုင်-၃လမ်း)၊ အမှတ်(၃၈၈) (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ် (တိုက်အားမျက်နှာမူလျှင် ဝဲဘက်အခြမ်း) (အလျား ၁၅ပေ x အနံ ၅၄ပေ)အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်းနှင့်တကွ မီး မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ မီးမီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုချက်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ **ဦးစိုးသိန်း(ခ)ဦးသိန်းစိုး[၁၂/လမန(နိုင်)၀၇၉၉၂၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ကျော်ဦး[၁၂/တမန(နိုင်)၁၁၈၅၀၈]၊ ဒေါ်မြတ်မွန်ကျော်[၁၂/ဥကမ(နိုင်)၂၄၀၉၂၅]**တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၂)**
**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၂၈၃၁၈**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကြင်တင့်

**အသက်(၉၅)နှစ်**

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ဌေး တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်ဝင်း

**အသက်(၆၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ(ဦးသိန်းဖေ-ဒေါ်ထားမြင့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၄)နေ ဒေါ်သူသာထက်၊ ဒေါ်ထက်သီရိဝင်း တို့၏ ဖခင်၊ ဒေါ်အေးအေးစိုး၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၁-၉-၂၀၂၅(ကြာသပတေးနေ့) နံနက် ၀၀:၄၇ နာရီတွင် (၉၆)ပါးရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၁-၉-၂၀၂၅(ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၄)ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ/၄၀)၊ မိုးမင်းပန်းခြံလမ်း၊ မြေကွက်အမှတ်(၂၂/က)၊ ဦးသိန်းဟန် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့**အား လက်ရှိထား ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဒေါ်အိမွန်ဦး [၁၂/တတထ(နိုင်) ၀၀၀၈၉၇]ကိုင်ဆောင်သူထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းမိုလ်[၈/ခမန(နိုင်)၁၃၃၂၈၅]ကိုင်ဆောင်သူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့်ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၉၃/၂၀၁၇)**
**အမှတ်(၁၀၃)၊ နွယ်သာဂီလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၂၆၂၂၆၃၀၉၉**

---

## မြေနှင့်အဆောက်အဦဝယ်ယူပိုင်ဆိုင်ထားကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့နေ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးတင်အေး[၁၂/ပဘတ(နိုင်)၀၂၉၇၉၁]နှင့် ဒေါ်ခင်စန္ဒာမြင့်[၁၂/တမန(နိုင်)၁၃၈၅၅၀]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/E)၊ မြေကွက်အမှတ်(၃၇၉/A)၊ အကျယ်အဝန်း(၂၅x၅၀)ပေရှိသော နှစ်(၉၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရောက်လက်ဝယ် ဝယ်ယူပိုင်ဆိုင်ထားရှိလျက်၊ စီမံခန့်ခွဲလျက်ရှိပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးတင်အေး** | **ဒေါ်နှင်းစုဝေ** |
| **[၁၂/ပဘတ(နိုင်)၀၂၉၇၉၁]** | **အထက်တန်းရှေ့နေ (စဉ်-၃၄၅၃၉/၂၀၁၀)** |
| **ဒေါ်ခင်စန္ဒာမြင့်** | **အမှတ်-၉၀(A)၊ (၁၅၇)လမ်း၊ တာမွေမြို့နယ်၊** |
| **[၁၂/တမန(နိုင်)၁၃၈၅၅၀]** | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၀၉၇၅၅၄၊ ၀၉-၆၉၆၉၉၃၆၉၄** |

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်ရပ်ကွက်၊ မြေကွက်အမှတ်(၈၈၁)၊ ဘုရင့်နောင်(၉)လမ်း၊ အိမ်အမှတ်(၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးမျိုးလွင်[၁၂/သဃက(နိုင်)၁၂၆၈၇၇]နှင့် ဒေါ်ဥမ္မာဝင်း[၁၂/သဃက(နိုင်)၀၄၃၄၀၅]တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သောမြေပေါ်တွင် ကိုယ်တိုင်ဆောက်လုပ်လျက်ရှိသော (၂)ခန်းတွဲ (၆)ထပ်၏ ဒုတိယထပ်(ခေါင်းရင်းခြမ်း)တိုက်ခန်းအား ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ မြေရှင်/ကန်ထရိုက်တာဖြစ်သော ဦးမျိုးလွင်[၁၂/သဃက(နိုင်)၁၂၆၈၇၇]မှ လွှဲပြောင်းရောင်းချသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူကယုံကြည်၍ ကြိုပွင့်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟေမာဝင့်အောင်(LL.B)** | **ဒေါ်စုစု(LL.B, LL.M)** |
| **(စဉ်-၁၀၉၇၁)** | **(စဉ်-၁၉၀၃၀)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်-(၃၉)၊ အောင်ဇေယျ(၂)လမ်းသွယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၉၀၀၉၁၇၉၊ ၀၉-၂၅၄၃၅၅၃၃၂**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကြင်တင့်

# အသက်(၉၅)နှစ်

သထုံမြို့နေ (ဦးဖွယ်ရာ - ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ဌေး၊ ဦးအောင်စိုး-ဒေါ်မာလာဆွေ၊ (ဦးမြင့်ရွှေ)-ဒေါ်ရီရီသန်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ရီရီလွင်-ဒေါက်တာဝင်းသန်း၊ ဦးရွှေဝင်း-ဒေါ်စိုးစိုးနွယ်၊ ဦးကျော်မိုး-ဒေါ်သက်မျိုးစု၊ ဒေါ်အိအိခိုင်-ဦးအောင်မျိုးတို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ငါးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၄-၉-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၃ နာရီ ၂၃ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၉-၂၀၂၅ (အင်္ဂါနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တပ်မတော် စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဆရာဦးကျော်စိုး (Director)

**AGB Communication Company Limited**

# အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာမွန် (၃)လမ်း၊ တိုက်အမှတ်(၁၆)၊ ပထမထပ်နေ ဆရာဦးကျော်စိုး အသက်(၅၆)နှစ်သည် ၁၄-၉-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၈:၄၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး Grand Hantha International Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**AGB Communication Company Limited**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေကွက်အမှတ်(၁၀၇၁)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၀၇၀)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးမြင့်စိန်(ISN-၃၇၇၉၃၆)အမည်ပေါက် မြေချပါမစ်(မိတ္တူ)ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ရွှေ [၁၂/သဃက(နိုင်)၀၈၂၀၈၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ် (၂၂၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးလှဝင်း(ISN-၅၁၀၈၅၅) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကျော်ကျော်လွင်[၁၂/သကတ(နိုင်)၁၀၃၃၃၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လှယဉ်ဌေ[၁၂/မဂတ(နိုင်)၀၀၂၄၅၆]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ သရေခေတ္တရာလမ်း၊ မြေကွက်အမှတ်(၇၀၉/က)၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေထဲမှ (ခေါင်းရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၁၀x၆၀)ပေရှိ ဦးစံရွှေ(BLN-၀၃၅၅၄၆)အမည်ပေါက်မြေချပါမစ်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ညွန့်ညွန့်ရီ[၁၂/ဒဂတ(နိုင်)၀၉၅၉၅၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

---

# မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

---

# ဦးစန်းအောင်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

# အသက်(၈၉)နှစ်

ကွယ်လွန်သူ ဦးဝမ်စိန်-ဒေါ်ကျင်စိန် တို့၏ သား၊ ဒေါက်တာမြင့်ဇော်-သမီးကြီးဒေါက်တာစန်းသီတာခင်[အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင်-၁၀၀၀]၊ သမီးငယ် ဒေါက်တာစန်းစန္ဒာခင် [ရောဂါဗေဒ ပါမောက္ခ ဗမ္မူသီရိ ခုတင်-၁၀၀၀]တို့၏ ကျေးဇူးရှင် ဖခင်၊ မအေးချမ်းမိုး (ခ) ဖူးဖူး(ဆေး-၂)၊ မောင်သီဟဇော် (ခ) ထူးထူး (ရန်ကုန်နည်းပညာ တက္ကသိုလ်၊ အင်းစိန်)တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး (အကျား)သည် ၁၄-၉-၂၀၂၅ ညနေ ၆:၁၅ နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင်-၁၀၀၀ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၈-၉-၂၀၂၅(ကြာသပတေးနေ့)နံနက် ၉:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ ခုတင်-၁၀၀၀ ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## သုဓမ္မသိင်္ဂီ ဒေါ်ရင်ရင်နု

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အုတ်လမ်း၊ ရေနံ့သာရပ်ကွက်၊ အမှတ်(၄၉)နေ(ဦးလှမောင်-ဒေါ်တင်)တို့၏ သမီး၊ (ဦးလှဘော်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ (သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း-ဒိုက်ဦးမြို့နယ်အသင်း-ရန်ကုန်နာယကကြီး)၏ဇနီး ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ကန်တော့ခံပုဂ္ဂိုလ် သုဓမ္မသိင်္ဂီ ဒေါ်ရင်ရင်နု သည် ၁၂-၉-၂၀၂၅ရက် နံနက် ၆:၁၀ နာရီတွင် သုခကမ္ဘာဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့၊**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

---

## ဦးထွန်းတောက်

**ဦးစီးအရာရှိ(ပြည်တွင်းအခွန်၊ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ရန်ကင်းမြို့နယ်)**

**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၄၇၅/စီ)နေ(ဦးကျော်မြင့်)-ဒေါ်ခင်စန်းကြည်တို့၏ သားငယ်၊ (ဦးထွန်းဝင်း-ဒေါ်ဖြူဖြူဝင်း)တို့၏ သားသမက်၊ ဦးမျိုးမြတ်ကျော်(အကောက်ခွန်)- ဒေါ်ခိုင်ခိုင်ဝေ တို့၏ညီ/မောင်၊ ဒေါ်ခင်မူမူထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မအိမ့်ဖူးမွန်၊ မောင်အောင်ဘုန်းပြည့်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်ဇင်မင်းလတ်-မမြတ်မြင့်မိုရ်ခင်၊ မမြတ်မင်းခန့်ခင်ခင်တို့၏ ဦးလေးသည် ၁၄-၉-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၀၀း၀၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၉-၂၀၂၅ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၉-၂၀၂၅(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ်(၃၀၃၈/၂၀၂၀)အရ ပြန်လည်နေရာချထားသည့်အုပ်စု(RA) (RA-1) အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၃၀၂၆)၊ အကျယ်အဝန်း(၄၀ ပေx၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြဝင်း [၁၂/တတန(နိုင်)၀၉၁၄၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၀၄၂၂၉၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၉/က(ဘော့ကန်)၊ မြေကွက်အမှတ်-၆/၆၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၆/၆၊ သီရိသပြေညို လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်၊ ၁။ ဦးကျော်တင့်(J/RGN-၀၂၁၀၆၇)၊ ၂။ ဒေါ်ခင်မြ (ISN-၁၂၄၉၄၈)အမည်ပေါက် မြေပိုင်မြေ၊ လ/န-(၃၉)ရပြီးမြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျော်တင့်(ခင်ပွန်း)သည် (၁၀-၁၁-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြ (ISN-၁၂၄၉၄၈)မှ တရားဝင်ဇနီး တော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်ဇနီး/မယား မရှိကြောင်း၊ ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်ဇနီးဖြစ်သူ ၎င်းကသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိပါကြောင်းနှင့် အခြားသောအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# FIFA–MFF ယူ–၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲတွင် Kyaung Sayar Thar Htwe အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၁၄

FIFA–MFF ယူ–၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ Kyaung Sayar Thar Htwe အသင်း နိုင်ပွဲထပ်မံရယူပြီး ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်စွဲခဲ့သည်။

Kyaung Sayar Thar Htwe အသင်းသည် ပြိုင်ပွဲမပြီးဆုံးမီကတည်းက ချန်ပီယံဆုရရှိထားခြင်းဖြစ်ပြီး လက်ကျန်ပွဲများတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပြီး ၂၂ ပွဲကစား ၂၁ ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ၆၄ မှတ်ဖြင့် ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၂၂) တွင် FFU မင်းမဟော်အသင်းက TKA Star အသင်းကို သုံးဂိုး–နှစ်ဂိုး၊ Avengers Junior အသင်းက Jullniss အသင်းကို ခြောက်ဂိုး–နှစ်ဂိုး၊ Golden Boys အသင်းက မလိခအသင်းကို သုံးဂိုး–နှစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခုနစ်ဂိုးပြတ်၊

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍



ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့သော Kyaung Sayar Thar Htwe အသင်း အောင်ပွဲခံနေစဉ်။


ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

# MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၂၅–၂၀၂၆ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၄ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

တောင်ကြီးကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများကြောင့် ပြိုင်ဘက်များထက် တစ်ပွဲလျော့ကစားထားပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

သတိပြုရှောင်ရှားသင့်သည့် စိတ်ပြောင်းဆေးဝါးကက်တမင်း
ဆောင်းပါး စာမျက်နှာ ၁၀

ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးလျာထားချက် ၁၁၄၈၂၂၂ ဧကအနက် ကျန်ရှိသော ၃၉၂၅၈ ဧကအား ဆက်လက်စိုက်ပျိုး
စာမျက်နှာ ၁၂

အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းများအား ဖော်ထုတ်တားဆီးနိုင်ခဲ့
စာမျက်နှာ ၁၅

မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု (၄)
စာမျက်နှာ ၁၉

# ရီးယဲလ်ဆိုစီဒက်အသင်းကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ရီးယဲလ်မက်ဒရစ်အသင်း ဆက်လက်ဦးဆောင်ခွင့်ရရှိ

ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ စက်တင်ဘာ ၁၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါ ပွဲစဉ်(၄)မှာ ရီးယဲလ်မက်ဒရစ်အသင်းက ရီးယဲလ်ဆိုစီဒက်အသင်းကို နှစ်ဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းယူပေးခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်မှာ ဂူလာက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းကလည်း ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါ သွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❂

ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

